ဒီမိုကရက်တစ်မြန်မာ့အသံ

သတင်းလွှာ

# Eiia&; tus0;om;owi;

ဖေဖော်ဝါရီ ၂၀၀၅


- မန္တလေးထောင်တွင်းရှိ နိုင်ငံရေးအကျဉ်းသားများ ရိုက်နှက်ညှဉ်းပန်းခံရ ၁၊ ဖေဖော်ဝါရီ ၂၀၀၅
- ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များအမှု စီရင်ချက်ချမည့်ရက် ထပ်မံရွှေ့ဆိုင်း ၂၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- နိုင်ငံရေးအကျဉ်းသားအချို့ ထောင်တွင်း၌ကျန်းမာရေးဆိုးရွားနေ ၃၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- နိုင်ငံရေးအကျဉ်းသားတဦး သရက်ထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေ ၆၊ ဖေဖော်ဝါရီ ၂၀၀၅
- သရက်မြို့နယ်မှ အဖွဲ့ချုပ်အတွင်းရေးမှူး ထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေ ၈၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- ဒေါက်တာမေဝင်းမြင့်အား ထောင်ဒဏ်သက်တမ်း ၁နှစ် ထပ်မံတိုးလိုက်ကြောင်းသိရှိရ ၈၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- ချောက်မြို့နယ်မှ အဖွဲ့ချုပ်ဥက္ကဋ္ဌ လွတ်ရက်နီးနေသော်လည်း လွတ်ရေးမသေချာ ၉၊ ဖေဖော်ဝါရီ ၂၀၀၅
- နအဖ၏ ပုဒ်မ ၁၀ (က) မှာ မတရားမှုအပေါ် မတရားမှု ထပ်ဆင့်ခြင်းသာဖြစ် ၉ ဖေဖော်ဝါရီ ၂၀၀၅
- ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များအမှု စီရင်ချက်ချရန် ထပ်မံရက်ရွှေ့ဆိုင်း ၉ ဖေဖော်ဝါရီ ၂၀၀၅
- တောင်ငူ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့် ထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေ ၁၀၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- ရှမ်းပြည်တပ်မတော် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၂ ဦးဖမ်းဆီးခံရ ၁၀၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ အပါအဝင် ပါတီဝင် ၄ ဦး ဖမ်းဆီးခံရ ၁၀၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သူ ဦးရွှေအုန်း အကျယ်ချုပ်ဖမ်းဆီးခံရ ၁၁ ဖေဖော်ဝါရီ ၂၀၀၄
- တိုင်းရင်းသားခေါင်းဆောင် ၇ ဦး ဆက်လက်ဖမ်းဆီးခံနေရဆဲ ၁၂၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးအား နေအိမ်အကျယ်ချုပ် ၁ နှစ် ထပ်မံသက်တမ်းတိုး ၁၅၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- ဖမ်းဆီးခံထားရသည့် ရှမ်းခေါင်းဆောင်များအား တနေရာစီခွဲ၍ ထပ်မံပြောင်းရွှေ့ ၁၆၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- မန္တလေးထောင်၌ ဖမ်းဆီးခံထားရသည့် ကိုရွှေမောင်အား မိသားစုနှင့် တွေ့ခွင့်မပေးသေး ၁၉ ဖေဖော်ဝါရီ ၂၀၀၅
- တောင်ကြီးအစည်းအဝေးနှင့် ဆက်စပ်ပြီး ၃ ဦးထပ်မံဖမ်းဆီးခံရ ၂၀၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- ဖမ်းဆီးခံထားရသော ရန်ကုန်တိုင်းမှ အဖွဲ့ချုပ်ဝင်များ မိသားစုနှင့် တွေ့ခွင့်မရသေး ၂၁၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- မတရားဖမ်းဆီးခံထားရသော ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များ ပြန်လည်လွတ်မြောက် ၂၂၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅
- ဦးခွန်ထွန်းဦးတို့အား နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် စွဲချက်တင်မည်ဟု ကြားသိနေရ ၂၄၊ ဖေဖော်ဝါရီ၊ ၂၀၀၅
- ပြည်အကျဉ်းထောင်ရှိ ဒေါက်တာသန်းငြိမ်း၏ ကျန်းမာရေးအခြေအနေ ပိုမိုစိုးရိမ်လာရ ၂၆၊ ဖေဖော်ဝါရီ ၂၀၀၅
- ရေနံချောင်းမြို့နယ်မှ အဖွဲ့ချုပ်တွဲဘက်အတွင်းရေးမှူး မတရားထောင်ဒဏ်ချမှတ်ခံရ ၂၇ ဖေဖော်ဝါရီ ၂၀၀၅
- တကိုယ်တော်ဆန္ဒပြခဲ့သူ ကိုထွန်းလင်းကျော်အား ရုံးထုတ်စစ်ဆေးတော့မည် ၂၇ ဖေဖော်ဝါရီ ၂၀၀၅
- ကိုထွန်းလင်းကျော်အား ထောင်ဒဏ် ၇ နှစ်ချမှတ် ၂၈ ဖေဖော်ဝါရီ ၂၀၀၅
- ကလေးဝမြို့နယ် အဖွဲ့ချုပ်ဝင် တဦးကို မတရားအမှုဆင် ထောင်ချ ၂၈ ဖေဖော်ဝါရီ ၂၀၀၅

## မန္တလေးထောင်တွင်းရှိ နိုင်ငံရေးအကျဉ်းသားများ ရိုက်နှက်ညှဉ်းပန်းခံရ

*၁၊ ဖေဖော်ဝါရီ ၂၀၀၅*

မန္တလေးထောင်တွင် မတရားဖမ်းဆီးအကျဉ်းချထားသော နိုင်ငံရေးအကျဉ်းသားများကို ထောင်အာဏာပိုင်တို့က ရိုက်နှက်နှိပ်စက်မှုများ ပြုလုပ်နေကြောင်း သိရသည်။ တရားမဝင် အလုပ်သမားသမဂ္ဂဖွဲ့စည်းမှုဖြင့် ထောင်ချထားသည့် မန္တလေးတိုင်းအရှေ့တောင်မြို့နယ် အဖွဲ့ချုပ်လူငယ်အဖွဲ့ဝင် စီးပွားရေး ဒုတိယနှစ်ကျောင်းသား ကိုအောင်နိုင်သူ အပါအဝင် နိုင်ငံရေးအကျဉ်းသားအချို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက ထောင်အာဏာပိုင်တို့၏ ရိုက်နှက်ထိုးကြိတ်ခြင်း ခံခဲ့ရသည်။ နအဖ၏ နိုင်ငံရေးအကျဉ်းသား ပြန်လွှတ်ပေးရေးအစီအစဉ်နှင့် ပတ်သက်ပြီး ထောင်အာဏာပိုင်တို့ကို စုံစမ်းမေးမြန်းရာက ပြဿနာစတင်ခဲ့ပြီး ရိုက်နှက်ခံခဲ့ရခြင်းဖြစ်ကြောင်း ကိုအောင်နိုင်သူ၏ ဖခင် ဦးဘအောင်က ယခုလို ပြောပြသည်။

"ပြီးခဲ့တဲ့ ဒီဇင်ဘာတုန်းကပေါ့နော်။ ဒီဇင်ဘာတုန်းက သတင်းစာထဲမှာ ပါတယ်ပေါ့။ ထောက်လှမ်းရေးက မတရားသဖြင့်ဖမ်းတဲ့လူတွေ လွှတ်မယ်ဆိုတော့ အဲသတင်းစာဖတ်တော့ သူတို့ ဝန်ထမ်းတွေကို မေးတယ်ပေါ့နော့်။ ဘယ်တော့လွှတ်မလဲဆိုတော့ အဲတော့ ဝန်ထမ်းတွေနဲ့ နည်းနည်း ပဋိပက္ခဖြစ်၊ ဖြစ်ပြီးတော့ ဟို အောင်နိုင်ပေါ့ ဘကြီးအောင် (ခ) ကိုအောင်နိုင် မေးမှာ ဒဏ်ရာရတာပေါ့နော့်။ ကျနော့်သား အောင်နိုင်သူကတော့ လက်မှာ ထိခိုက်မိတယ်။ ကိုလှစိုးကတော့ ခြေထောက်မှာ ထိခိုက်မိတယ်လို့ ပြောပါတယ်။ "

ကိုအောင်နိုင်သူမှာ မိခင်ဖြစ်သူ ဒေါ်နှင်းပပနှင့်အတူ ဖမ်းဆီးခံရပြီး ထောင် ၁၂ နှစ်ကျခံနေရသူ ဖြစ်သည်။ သားနှင့်ဇနီး ၂ ဦးစလုံးဟာ အာဏာပိုင်တို့၏ မတရားဖမ်းဆီး ထောင်ချခံနေရသူများ ဖြစ်သည့်အတွက် နအဖ၏ နိုင်ငံရေးအကျဉ်းသားများ ပြန်လွှတ်ပေးရေး အစီအစဉ်နှင့်အတူ ပြန်လွှတ်လာလိမ့်မည်ဟုလည်း မျှော်လင့်ခဲ့မိကြောင်း ဦးဘအောင်က ဆက်လက်ပြောပြသည်။

"အဲ၊ အဲဒီတုန်းကတော့ လွှတ်လာမယ်လို့ ထင်တာပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ သူတို့က ထောက်လှမ်းရေးက မတရားဖမ်းဆီးထားတဲ့ လူ ၅ ထောင်ကျော်လွှတ်မယ်ဆိုတာကို လွှတ်မယ်ဆိုတော့ ကျနော်တို့ လွှတ်လာလိမ့်မယ်လို့ ထင်တယ်။ ဒါပေမယ့် မျှော်လင့်သလို ဖြစ်မလားပါဘူး။ သူတို့လွှတ်ပေးမှ ရမယ်ဆိုတဲ့သဘောဆိုတော့ ကျနော်လည်း သိပ်ပြီးတော့ မျှော်လင့်ချက်ကြီးတော့ မထားပါဘူး။ ကျနော်တို့အမြင်ကတော့ မတရားဖမ်းဆီးတယ်လို့ ထင်တာပဲခင်ဗျ နော့်။ သူတို့လုပ်သင့်လုပ်ထိုက်လို့။ အများအကျိုးအတွက် လုပ်တဲ့ကိစ္စတခုကို ဒီနိုင်ငံတော်အစိုးရကနေပြီးတော့ ခွင့်ပြုချက်မရဘဲနဲ့ သမဂ္ဂလုပ်ငန်း သမဂ္ဂဖွဲ့စည်းတယ်ဆိုပြီးတော့ ထောင်ချတဲ့ကိစ္စပေါ့နော့်။ အဲတော့ ကျနော်တို့က သူကမှန်တယ်ထင်လို့ လုပ်တဲ့ကိစ္စကို တဖက်က မှားတယ်ထင်ပြီးတော့ ဖမ်းတာတော့ မတတ်နိုင်ဘူးပေါ့နော်။ "

မန္တလေးတိုင်း အရှေ့တောင်မြို့နယ် အဖွဲ့ချုပ်ဝင်များဖြစ်သည့် ဒေါ်နှင်းပပနှင့် သားဖြစ်သူ ကိုအောင်နိုင်သူတို့ကို အခြားအဖွဲ့ချုပ်ဝင် ၉ ဦးနှင့် အတူ ၂၀၀၃ ခုနှစ် ဒီဇင်ဘာလအတွင်း နယ်မြေခံအာဏာပိုင်တို့က ဖမ်းဆီးခဲ့သည်။ ထို့နောက် ၎င်းတို့အားလုံးကို တရားမဝင် အလုပ်သမားသမဂ္ဂဖွဲ့စည်းမှု လူဝင်မှုကြီးကြပ်ရေး ဥပဒေနှင့်ညှိစွန်းမှု စသည့် ပုဒ်မများ အပါအဝင် ပုဒ်မ အမျိုးမျိုးတပ်ပြီး ထောင် ၇ နှစ်ကနေ ၁၂ နှစ်အထိ အသီးသီးချမှတ်ခဲ့ခြင်းဖြစ်သည်ဟုလည်း ဦးဘအောင်က ဆက်လက်ပြောပြထားသည်။

"ဦးလှစိုးက ၁၇ နှစ်ခင်ဗျ။ ကိုဝင်းကြည်က ၂၂ နှစ်၊ ဒေါ်နှင်းပပက ၇ နှစ်၊ ကိုမြင့်ဦး ၇ နှစ်၊ ကျောင်းဆရာဒွေးလွင်ဦး ၇ နှစ်၊ ကိုအောင်နိုင် (ခ) ဘကြီးအောင် ၇ နှစ်၊ နောက်တခါ အောင်နိုင်သူ ကျနော်သားပေါ့။ အောင်နိုင်သူ ၁၂ နှစ်၊ ဦးသန်းဝင်း ၁၂ နှစ်၊ ရဲထွန်းမင်း ၁၂ နှစ်၊ ဇော်မျိုးနိုင် ၁၂ နှစ်၊ ဇော်မင်းနိုင် ၁၂ နှစ်၊ ဦးတင်ဦး ၁၂ နှစ်၊ အားလုံး ၁၁ ယောက်ခင်ဗျာ့။ ဟို ကျနော် သားလေးလို ၅ ယောက် အုပ်စုကျတော့ လဝက အပ်ပေ့။ အရေးပေါ် လဝက အပ်ဆိုပြီး ၅ နှစ်ထက်ကျတော့ ၁၂ နှစ်ဖြစ်သွားတယ်။ ဦးလှစိုးကျတော့ ပုဒ်မတွေ သုံးလေးခုလောက် တပ်ပြီးတော့မှ ချတာလေ။ ဦးဝင်းကြည်တို့လည်း ပုဒ်မ သုံးလေးခုလောက် တပ်ပြီးမှ ၁ နှစ်တို့ ၁၇ နှစ်တို့ ချလိုက်တာ" အစသို့

## ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များအမှု စီရင်ချက်ချမည့်ရက် ထပ်မံရွှေ့ဆိုင်း

*၂၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

ဧရာဝတီတိုင်း ဖျာပုံထောင်၌ ဖမ်းဆီးခံနေရသော ဘိုကလေးမြို့မှ အဖွဲ့ချုပ်ဝင်များ၏အမှုကို စီရင်ချက်ချရန် ထပ်မံ ရက်ရွှေ့ဆိုင်းလိုက်ကြောင်း သိရသည်။ ထိုအမှုကို ပြီးခဲ့သည့်အပတ်က အပြီးသတ်စစ်ဆေးပြီး ယနေ့ စီရင်ချက်ချရန် ဖျာပုံမြို့နယ် တရားရုံးက ဆုံးဖြတ်ချက်ချခဲ့သော်လည်း လာမည့် ၉ ရက်နေ့အထိ ရွှေ့ဆိုင်းလိုက်ခြင်း ဖြစ်သည်။ ထိုကိစ္စနှင့် ပတ်သက်ပြီး ထိုအမှုကို လိုက်ပါဆောင်ရွက်ပေးနေသူ အဖွဲ့ချုပ်ရှေ့နေ ဦးတင်ဝင်းက ယခုလို ပြောပြသည်။

" ဒီနေ့ကို တကယ်တမ်း ဒီ ဘိုကလေးမြို့နယ် NLD (စည်း) ဥက္ကဋ္ဌ ဦးအောင်ခင်ဘို အပါအဝင် အဖွဲ့ဝင် ၁၂ ဦးကို အဲဒီအမှုအခင်းကို ဖျာပုံထောင်ထဲမှာ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ ပထမပတ်လောက်ကစပြီး စစ်လာလိုက်တာ

တရားလိုရော တရားလိုပြသက်သေတွေရော တရားခံရော တရားခံပြသက်သေတွေရောကို စစ်လို့ပြီးတာက အခု ၂၀၀၄ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးပတ်လောက်မှာ အကုန်လုံးစစ်ပြီးသွားခဲ့တယ်။ အဲတော့ တရားရုံးကနေပြီးတော့ သူတို့အပေါ်မှာ အမိန့်ချမယ်ဆိုတာကို အခု ဒီနေ့ ၂ ရက်နေ့ကို သတ်မှတ်ခဲ့တယ်။ တရားသူကြီးကိုယ်တိုင် ပြောခဲ့တယ်။ သို့သော်လည်း ဒီနေ့ အပြီးသတ်အမိန့်ကို ကြားနာဖို့ဆိုပြီးတော့ အဖမ်းခံ NLD အဖွဲ့ဝင်တွေရဲ့ကိုယ်စား ဖျာပုံထောင်သီးသန့်တရားရုံးကို သွားတဲ့အခါမှာ ၁၁ နာရီ လောက်မှာ မြို့နယ်တရားသူကြီး ဒေါ်တင့်တင့်စန်း တက်ရောက်လာပြီးတော့ အမှုကို အပြီးသတ်အမိန့်ချဖို့က ဒီနေ့မကျဘူး။ လာမယ့် တပတ်တော့ ၉ ရက်နေ့မှာမှ ချမယ်ဆိုပြီးတော့ အဲဒီဟာပဲ သူပြောသွားတော့ အမိန့်မချဖြစ်ဘူး” အစသို့

## နိုင်ငံရေးအကျဉ်းသားအချို့ ထောင်တွင်း၌ကျန်းမာရေးဆိုးရွားနေ

*၃၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

အင်းစိန်ထောင်၌ မတရားဖမ်းဆီးခံနေရသူ စမ်းချောင်းမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်ဝေ ကျန်းမာရေးအခြေအနေ ဆိုးဝါးနေဆဲဖြစ်ကြောင်း သိရသည်။ ဦးသက်ဝေမှာ ပြီးခဲ့သည့်လအတွင်းက အစာအိမ်၊ အူအတက်ရောင်ရောဂါ ခွဲစိတ်ကုသမှုခံနေရသူဖြစ်သည်။ ထိုသို့ ကျန်းမာရေးမကောင်းသည့်အထဲ ရာဇဝတ်အကျဉ်းသားများနှင့် ပြည့်ကြပ်နေသော အခန်းထဲတွင် နေရသည့်အတွက် အစစအရာရာ အခက်တွေ့နေရသည်ဟု ယခုရက်ပိုင်းက ထောင်ဝင်စာတွေ့ပြီးပြန်လာသူ ဇနီးသည် ဒေါ်သန်းသန်းက ပြောသည်။

ဦးသက်ဝေကို ပြီးခဲ့သည့် နှစ် စက်တင်ဘာ ၂၁ ရက်နေ့က UNDP ရုံးရှေ့ တကိုယ်တော်ဆန္ဒပြမှုဖြင့် ဖမ်းဆီးခံရသူ ဦးအုန်းသန်းနှင့်ဆက်စပ်ပြီး ဖမ်းဆီးခဲ့ခြင်း ဖြစ်သည်။ ထို့နောက် အောက်တိုဘာ ၂၅ ရက်နေ့တွင် ဦးသက်ဝေနှင့် ဦးအုန်းသန်းတို့ကို နိုင်ငံတော်ဆူပူအောင်လှုံ့ဆော်မှု ပုဒ်မ (၅၀၅) နှင့် ထောင် ၂ နှစ်စီ ချမှတ်ခဲ့သည်။

ထိုအတောအတွင်းမှာပင် အမျိုးသားအောင်ပွဲနေ့ ကျင်းပရန်ကြံစည်မှုဖြင့် ဖျာပုံထောင်အတွင်း ဖမ်းဆီးခံထားရသည့် ဗိုလ်ကလေးမြို့နယ် အဖွဲ့ချုပ်ဝင်များကိုလည်း ထောင်အာဏာပိုင်တို့က ရာဇဝတ်အကျဉ်းသား အနာကြီးရောဂါသည်များနှင့် အတူထားသည့်အတွက် ရောဂါကူးစက်ခံရမည်ကို မိသားစုဝင်တို့က စိုးရိမ်နေကြောင်း သိရသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလကတည်းက ဖမ်းဆီးခဲ့သည့် အလုံမြို့နယ်မှ ဦးဘတင့်၊ ဦးဘမြင့်၊ ကမာရွတ်မြို့နယ်မှ ကိုအောင်မျိုးစန်း၊ ကိုကျော်ခင် စသည့်အဖွဲ့ချုပ်ဝင်လေးဦးကိုမူ ယခုအချိန်အထိ ရုံးတင်စစ်ဆေးခြင်း မရှိသေးသလို မိသားစုနှင့်လည်း တွေ့ခွင့်မပေးပဲ ဆက်လက်ဖမ်းဆီးထား၍ မိသားစုဝင်များ စိုးရိမ်နေကြောင်း သိရသည်။ အစသို့

## နိုင်ငံရေးအကျဉ်းသားတဦး သရက်ထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေ

*၆၊ ဖေဖော်ဝါရီ ၂၀၀၅*

သရက်ထောင်၌ နှစ်ရှည်ထောင်ချခံထားရသည့် နိုင်ငံရေးအကျဉ်းသား ကိုကျော်စွာလင်း ကျန်းမာရေးအခြေအနေ ဆိုးဝါးနေကြောင်းသိရသည်။ ကိုကျော်စွာလင်းမှာ နှလုံးရောဂါကြောင့် ခြေလက်တုန်ရင်ပြီး လမ်းကောင်းကောင်းမလျှောက်နိုင်ဟု သိရသည်။ ထို့ပြင် ယခုလောလောဆယ် အစာအိမ်ရောဂါကြောင့် ဗိုက်အောင့်ဝေဒနာကို ပြင်းပြင်းထန်ထန် ခံစားနေရကြောင်းလည်း မနေ့ကမှ ထောင်ဝင်စာသွားတွေ့ခဲ့သူ ဇနီးသည်မတင်တင်မော်က ပြောဆိုသည်။ သရက်ထောင်၌ ထောင်ဆရာဝန်မရှိပဲ ရောဂါသည်းမှ ဆေးမှူးက ကြည့်ပေးတာကြောင့် ခင်ပွန်းသည်အတွက် စိုးရိမ်မိသည်ဟုလည်း မတင်တင်မော်က ယခုလိုပြောပြသည်။

“ထောင်ထဲရောက်မှလေ သူ ပထမတခါ လက်တွေတုန်တယ်တဲ့။ ကျန်းမာရေးက သိပ်မကောင်းဘူးလေ။ လက်တုန်တော့ ဆေးတိုက်တာပေ့ါနော်။ နှလုံးနဲ့သက်ဆိုင်တယ်ဆိုပြီးတော့ အပြင်မှာ ဆရာဝန်တွေမေးပြီးတော့ ဆေးတွေ တိုက်ရတာပေ့ါနော်။ အခုတခါ ပြန်ပြီးတော့ အခု အရမ်းအေးတာ သရက်မှာကလေ အရမ်းအေးတဲ့အခါကျတော့ သူ အစာအိမ်ပြန်ဖြစ်တယ်တဲ့။ ခြေထောက်တွေ အေးလို့ပေ့ါနော်။ အခုတခေါက်ပေ့ါနော်။ မော် အစာအိမ်ဆေးတွေ လာပို့ပြီးတော့ကျန်းမာရေးအခြေအနေ လာမေးရတာ။ သူ ညကတော့ တော်တော် အောင့်တယ်လို့ ပြောတယ်။ သူ အခု မော် ဆေးတွေတော့ ကြိုကြိုတင်တင် တိုက်ထားပေ့ါ။ ထောင်ဆရာဝန်ဆိုတာမရှိဘူးပေ့ါ။ သူတို့ဆေးမှူးဘဲ ရှိတာပေ့ါနော်။ ထောင်မှာကဆေးမှူးကို ပြတယ်လို့ ပြောတယ်။ အဲဒါ မော်ကတော့ စိတ်မချဘူးပေ့ါနော်။ ဆေးမှူးဆိုတာက ဟို ဆေးမှားသွားမှာစိုးလို့ဆေးမှားတိုက်မိမှာတို့ဘာတို့ စိုးရိမ်တာပေ့ါ။ ကိုယ်ကလည်း ကိုယ့်အပြင်က Family ဒေါက်တာကလည်း ဘယ်လိုပြောရမလဲ။ ခန့်မှန်းခြေနဲ့ ဆေးပေးရတာဆိုတော့ သိပ်ပြီးတော့ ထိရောက်မှုက သိပ်မရှိဘူးပေ့ါနော်။”

ရန်ကုန်တိုင်း တာမွေမြို့နယ်၌ နေထိုင်သည့် ကိုကျော်စွာလင်းကို ၉ လေးလုံးလှုပ်ရှားမှုတွင် ပါဝင်ပတ်သက်သည်ဆိုသော စွပ်စွဲချက်ဖြင့် ၁၉၉၉ ခု စက်တင်ဘာလ ၁၀ ရက်နေ့တွင် စစ်ထောက်လှမ်းရေးက ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ထို့နောက် ပုဒ်မ ၅ (ည)၊ ၁၇ (၁) တို့ တပ်ပြီး ထောင်ဒဏ် ၁၇ နှစ်ချမှတ်ခဲ့ခြင်းဖြစ်သည်။ အင်းစိန်ထောင်၌ ၁ လခန့်သာ ချုပ်နှောင်ခဲ့ပြီး မိသားစုနှင့်ဝေးသော သရက်ထောင်သို့ ပြောင်းရွှေ့လိုက်၍ ထောင်ဝင်စာတွေ့ရသည်မှာ အလွန်ခက်ခဲသည် ဟုလည်း မတင်တင်မော်က ပြောပြသည်။ လွန်ခဲ့သည့် ၃ လခန့်ကစပြီး နိုင်ငံရေးအကျဉ်းသားတချို့ ပြန်လွတ်လာသော ကြောင့် မိသားတစုလုံး မျှော်လင့်ခဲ့ရပုံကိုလည်း မတင်တင်မော်က ယခုလို ပြောပြသွားသည်။

"မျှော်တာပေါ့ အိမ်မှာ သမီးတွေဆိုလည်း ဝမ်းကိုသာနေတာပဲ ပြန်လာမယ်။ သူ့အဖေနဲ့ သူတို့မွေးနေ့ရောက်ခါ နီးဆို ဖေဖေနဲ့ မွေးနေ့ပွဲမှီမှာပါဆိုပြီးတော့ ပျော်နေတာ။ တအိမ်လုံးကို တခါတည်း စားလို့မရ သောက်လို့မရနဲ့ မျှော်နေ တာလေ။ သူတို့ရင်ထဲမှာ စိတ်ခံစားမှုတွေအပြည့်။ အပြင်ကလူတွေကလည်း တခါတည်း လွတ်ကြောင်ကြောင်တယ် ဆိုတာလေ။ အထဲထဲမှာ ကြောင်တာမဟုတ်ဘူး။ အပြင်မှာလည်း ကြောင်နေတာလေ။ တအိမ်လုံးကို ရူးမတတ်ပဲ တခါတည်း မျှော်နေရတာ။ ဟို ကိုယ့်ခင်ပွန်းအတွက် ယူကျုံးမရပဲပေါ့ အမရယ်။ ဘယ်ပြောနိုင်မလဲ ကိုယ့်ကတော့ လွတ်ချင် တာပေါ့နော်။ သူလုပ်လိုက်တဲ့အမှုက ဘယ်လောက်မှ မော်တို့စိတ်ထဲမှာတော့ ဘယ်လောက်ကြီးတယ်၊ ဒီလောက် နှစ်တွေ အကြာကြီး ဖြစ်သွားလိမ့်မယ်လို့ မထင်ဘူးလေ။ သူ့အနေနဲ့ကလည်း အရမ်းခံစားရတယ်။ မော်အနေနဲ့ကလည်း အရမ်း ခံစားရတာပေါ့နော်။ သမီးလေတွေဆိုတော့လေ ငယ်ငယ်ရွယ်ရွယ်နဲ့ သူ့အဖေရဲ့ မေတ္တာ ဖခင်ရဲ့မေတ္တာကို ခံယူချင်တာ ပေါ့။ အခုတော့လည်း မခံစားရဘူး။ သမီးငယ်လေးဆိုရင် ဒီနှစ်ဆုရတယ်။ နှစ်တိုင်းလည်း ဆုရတယ်ဆိုတော့ ဆုပေးပွဲမှာ ဆိုလို့ရှိရင် သမီးငယ်လေးက မအေနဲ့ပဲ ဆုပေးပွဲကို သွားနေရတာပေါ့နော်။ အဖေ သူများတွေ မိစုံဖစုံနဲ့ တက်တဲ့အချိန်မှာ သူက မအေတယောက်ထဲနဲ့ပဲ သူ ပြီးသွားရတာပေါ့" အစသို့

## သရက်မြို့နယ်မှ အဖွဲ့ချုပ်အတွင်းရေးမှူး ထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေ

*၈၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

မတရားဖမ်းဆီးခံထားရသည့် မကွေးတိုင်း သရက်မြို့နယ် အဖွဲ့ချုပ်အတွင်းရေးမှူး ဦးမောင်မောင်ဦး ကျန်းမာရေးဆိုးဝါးနေ ကြောင်း သိရသည်။ အသက် ၆၃ နှစ်အရွယ်ရှိ ဦးမောင်မောင်ဦးမှာ ရာသီဥတုအေးသည့်ဒဏ်ကြောင့် သရက်ထောင်ထဲ၌ ခြေလက် အဆစ်အမြစ်များရောင်ပြီး ကိုက်ခဲသည့်ဝေဒနာ ခံစားနေရကြောင်း သိရသည်။ ထို့ပြင် ထောင်တွင်းအစာအစား များ ဆိုးဝါးသဖြင့် အစာအိမ်ရောဂါခံစားနေရကြောင်းလည်း ဦးမောင်မောင်ဦး၏ဇနီး ဒေါ်သန်းမြင့်က ယခုလိုပြောပြသည်။

"ကျန်းမာရေးကတော့လေ ဒူးတွေဘာတွေနာတာပေါ့ကွယ်။ သူ **Arthritis** ဆိုတဲ့ အဆစ်ရောင်ရောဂါပေါ့နော် အဲဒါရှိပါတယ်။ သူ့မှာ အစာအိမ်လည်း နည်းနည်းပါးပါးရှိတာပေါ့နော်။ နည်းနည်းပါးပါးအောင့်ရင် ဆေးပေးထားတယ် ပေါ့နော်။ အဲဒီ အဆစ်ရောင်ရောဂါအတွက် ဆေးလည်းပေးထားပါတယ်။ အထဲမှာ မကျန်းမမာဖြစ်တာ အပြင်မှာ မဖြစ် ဘူး။ အထဲမှာ ရင်အောင့်တာပေါ့နော်။ အောင့်တော့ **Gelmag** တို့လိုမျိုး ဘာလေးတွေညာလေးတွေ ပေးထားရတယ်။ အောင့်ရင်သောက်ဖို့ပေါ့နော်။ သူကတော့ အပြင်ရောက်ချင်တာပေါ့နော်၊ ဒါပါပဲ။ အထဲမှာနေရတာနဲ့ အပြင်မှာနေတာနဲ့ ဘယ်တူမလဲကွယ်"

ဒေါ်သန်းမြင့်ကိုယ်တိုင်က သရက်မြို့နယ်အဖွဲ့ချုပ် ဘဏ္ဍာရေးမှူးဖြစ်ပြီး ၎င်းတို့၏ နေအိမ်၌ မြို့နယ်အဖွဲ့ချုပ်ရုံး ဖွင့်လှစ်ထားခြင်း ဖြစ်သည်။ လွန်ခဲ့သည့် ၅ နှစ် အဖမ်းမခံရခင်က မြို့နယ်ရုံးဆိုင်းပုဒ်ကို ဖြုတ်ချပေးရန်နှင့် ဦးမောင်မောင်ဦး ကို အဖွဲ့ချုပ်က နုတ်ထွက်ရန် စစ်ထောက်လှမ်းရေးက ဖိအားပေးခဲ့သည်ဟု ဆိုသည်။ ဦးမောင်မောင်ဦးက လက်မခံသည့် အခါ ၂၀၀၀ ခုနှစ် ဧပြီလတွင် ခဝတဉက္ကဋ္ဌအမိန့်ဖြင့် အမှုဆင်ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟုလည်း ဒေါ်သန်းမြင့်က ဆက်လက် ပြောပြသည်။

"ဟိုဟာပေါ့ကွယ် ခေါင်းရင်းက ပိတောက်ပင်ရှိတယ်လေ။ အဲဒီအောက်မှာ ကလေးတွေက ကစားနေတယ်။ ကစားတော့ ကျမတို့က ကားနဲ့ ဟိုဘက်က ထင်းချောင်းထိုးမီးဖို ကားပေါ်တင်မလို့လေ။ အဲဒါနဲ့ သွားဝယ်တယ်။ သွား ဝယ်တော့ သူကလိုက်မလား မင်းတို့။ သူတို့က ဟိုး ကျွန်းမဟာကန်ထဲမှာပဲ ဂုံးစမ်းသွားမလို့တဲ့ သူတို့။ မင်းတို့ ဂုံးမစမ်းနဲ့ ရေနစ်လိမ့်မယ်။ ငါနဲ့လိုက်ခဲ့၊ မင်းတို့ကို မုန့်ဖိုးပေးမယ်။ ငါ မနက်စာလည်း ကျွေးမယ်ဆိုတော့ ကလေးတွေက လိုက်လာ တာလေ။ လေးငါးယောက်ပဲ လိုက်လာတာ။ လိုက်လာပြီးတော့ သူတို့ ပြန်လာကြပေါ့နော်။ ပြန်လာကြတော့ အိမ်မှာ မီးဖို တွေလည်းချ၊ ချလည်းပြီးရော အဲဒါကို နောက်တော်ကြာမှ အဲဒီ ထောက်လှမ်းရေးကဆိုလား အဲဒီရွာကိုသွားပြီး လူကြီး တွေကိုတဲ့ အဲဒါ သူတရားစွဲပါလို့ သူ့ရွာသားတွေကို ခေါ်ပြောတယ်တဲ့။ အဲတော့ ရွာသားတွေကလည်း မစွဲချင်ဘူးပေါ့နော်။ ဟာ ... မဖြစ်ဘူး စွဲရမယ်ဆိုပြီးတော့ ရဝတကို ဘာဖြစ်တယ် ညာဖြစ်တယ် စွဲလိုက်ကြတာ ရုံးမှာလေ။ စွဲပြီးတော့မှ အဲဒါ နောက် သူ ပထမ ၂ နှစ်ကျတယ်ကွယ်။ အဲဒီတုန်းကတော့ သူက ခဝတနဲ့ သိပ်မတည့်တော့ သူတို့ ဟိုဟာရှိမှာထင်ပါ တယ်ကွာ။ သူ့ကိုလည်း ထွက်ခိုင်းတယ်လေ။ ထွက်ဆိုရင် သူက မထွက်ဘူးပေါ့နော်။ အိမ်မှာလည်း ဆိုင်းဘုတ်က ရှိနေ တော့ ဆိုင်းဘုတ်ချပေးဖို့ ဘာညာဖြစ်တာပေါ့။ အဲလို ပြဿနာနည်းနည်းတက်သေးတယ်။ တန်းပြီးတော့ အဲ ထောင်ထဲ တန်းပြီးတော့ ပို့တာပဲ။ အဲဒီနေ့ပဲ တန်းပို့တာပဲ ထောင်ကြီးချုပ်ကို။ နောက်ပြီးတော့ ရုံးချိန်းလည်း နှစ်ခါသုံးခါချိန်းပြီးတော့

၂ လလောက်ကြာတော့ ထောင်ချလိုက်တာပဲ။ ၂ နှစ်တဲ့ နောက် နှစ်လသုံးလကြာ တော့ ၂ နှစ်နည်းတယ်ဆိုပြီး နောက်တခါ ၇ နှစ်တိုးတာပဲ။ စိတ်ကတော့ ဘယ်ကောင်းမလဲနော်”

ခင်ပွန်းဖြစ်သူ ဦးမောင်မောင်ဦးကို ဖမ်းဆီးထားပြီးနောက် စစ်ထောက်လှမ်းရေးက နေအိမ်ကို မကြာခဏလာပြီး ဆိုင်းပုဒ်ဖြုတ်ချခိုင်းသည်ဟုလည်း ဒေါ်သန်းမြင့်က ပြောဆိုသည်။ ဦးမောင်မောင်ဦးကို မတရားထောင်ချခဲ့ခြင်းနှင့် ပတ်သက်ပြီး အမှုစစ်ချိန်က ကာကွယ်လျှောက်လဲပေးခဲ့သူ သရက်ခရိုင် တရားရုံးချုပ်ရှေ့နေတဦးကလည်း ယခုလို ပြောဆိုခဲ့သည်။

“အမှုတင်တုန်းက ဟိုတုန်းက ဖိအားတွေပါတာပေါ့ဗျာ တဖက်ကနေပြီးတော့ ဖိအားတွေရှိတာပေါ့။ ဖိအားတွေ ရှိတာပေါ့လေ။ ရှိပြီးတော့ ဘာဖြစ်လည်းဆိုတော့ ရဲက အမှုတွဲတခါတည်း တင်လိုက်တယ်။ အဲ ၃၆၃ တို့ ၅၀၅ (ခ) တို့ ဘာတို့နဲ့တင်လိုက်တယ်။ တင်လိုက်တဲ့အခါကျတော့ တရားလိုလုပ်တဲ့ ဦးသိန်းမြင့်နဲ့ ဦးနဲ့က သိတဲ့လူတွေကျတော့ တမြို့ တည်းနေ တရေတည်းသောက်ပေါ့ဗျာ။ ကိုယ်သေသူပွေ့ သူသေကိုယ်ပွေ့ဆိုတဲ့ လူတွေဖြစ်နေကြတဲ့အခါကျတော့ အာ ... ကျနော်ကြေအေးပါတယ် ဘာညာဆိုပြီးတော့ သူပြောလို့ကိုရတယ်။ ကိုဦးကို ဘာကြောင့် ဒီလိုလုပ်ရလည်း၊ ယခင်က ... တဲ့ ကိုဦးသည် ... တဲ့ စစ်ဖြစ်သည့်အချိန်က အဆိုးမြင်ဝါဒီများစုဝေးရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က သရက်မြို့နယ် အတွင်းရေးမှူးဖြစ်တဲ့အတွက်တဲ့ ဆိုပြီးတော့ အဲဒီလို သုံးသပ်တယ်ဗျာ။ ခရိုင်အထက်ရုံး က ဒုတိယ ခရိုင်တရားသူကြီးက အဲဒါက အမှုနဲ့ဘာမှမဆိုင်ပဲနဲ့ သုံးသပ်တာ။ အဲဒါကတော့ အဲသုံးသပ်ချက်မှာ တကယ်မလျှော်မကန် သုံးသပ်ချက် အမျိုးသားထောက်လှမ်းရေးအဖွဲ့က ယခင်က မလျှော်မကန်လုပ်ခဲ့တဲ့အတွက် ဒီလူတွေဟာ မတရားသဖြင့်ပေါ့လေ ထောင် ချခံရတယ်။ အမျိုးသားထောက်လှမ်းရေးကနေ လုပ်ခဲ့တဲ့လူတွေကြောင့် လွှတ်ပေးရင် သုံးကြိမ် သုံးခါရှိပြီးလွှတ်တာ ဒီလူ လည်း ပါသင့်တာပေါ့။ ဒီလူက တကယ့်ကို မတရားသဖြင့် ဟုတ်လား ဥပဒေဖြင့် မလျှော်မကန်ခံရတဲ့လူပဲ။ မတရားသဖြင့် ဥပဒေနဲ့မညီပဲနဲ့ မလျှော်မကန်ခံရတဲ့လူ ပေါ့ဗျာ” အစသို့

## ဒေါက်တာမေဝင်းမြင့်အား ထောင်ဒဏ်သက်တမ်း ၁ နှစ် ထပ်မံတိုးလိုက်ကြောင်းသိရှိရ

*၈၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅*

အင်းစိန်ထောင်၌ မတရားဖမ်းဆီးခံထားရသည့် မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်ကို နအဖက ထောင်သက်တမ်း ၁ နှစ် ထပ်မံတိုးလိုက်ကြောင်း သိရသည်။ ယခင် ၁၀ (က) ဖြင့် သက်တမ်း တိုးထားခဲ့ရာ အဆိုပါသက်တမ်းပြည့်ခဲ့သည့် ယခု ၂ ရက်နေ့တွင် ထပ်မံ၍ သက်တမ်းတနှစ် တိုးလိုက်ခြင်းဖြစ်သည်။

ဒေါ်မေဝင်းမြင့်ကို မရမ်းကုန်းမြို့နယ် အဖွဲ့ချုပ်လူငယ်ဖွဲ့စည်းရန် ကြိုးစားမှုဖြင့် ၁၉၉၇ ခုနှစ်က ဖမ်းဆီးပြီး ထောင် ၇ နှစ်ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် လွှတ်ရက်စေသော်လည်း ပြန်လွှတ်မပေးပဲ ပုဒ်မ ၁၀ (က) ဖြင့် အကြိမ်ကြိမ် ထောင်သက်တမ်း တိုးခဲ့ခြင်းလည်း ဖြစ်သည်။ ယခင်က ၂ လ တကြိမ် တိုးနေရာမှ ယခု ၁ နှစ်အထိ ထပ်မံတိုးလိုက်ခြင်း ဖြစ် သည်။ ဒေါ်မေဝင်းမြင့်နှင့် အမှုတွဲတူဖမ်းဆီးခံနေရသော ကျောက်တန်းမြို့နယ်အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းငြိမ်းကိုလည်း ပြီးခဲ့သည့်လအတွင်းက အာဏာပိုင်တို့က နောက်ထပ် ထောင်သက်တမ်းတနှစ် ထပ်မံတိုးခဲ့သည်။ အစသို့

## ချောက်မြို့နယ်မှ အဖွဲ့ချုပ်ဥက္ကဋ္ဌ လွှတ်ရက်နီးနေသော်လည်း လွှတ်ရေးမသေချာ

*၉၊ ဖေဖော်ဝါရီ ၂၀၀၅*

ချောက်မြို့နယ်မှ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကြည်တိုးကို အာဏာပိုင်တို့က မတရားဖမ်းဆီးထောင်ချထား သည်မှာ ၇ နှစ်နီးပါး ရှိနေပြီဖြစ်သည်။ လွှတ်ရက်စေ့ခါနီးဖြစ်သော်လည်း ပုဒ်မအမျိုးမျိုးတပ်ပြီး နိုင်ငံရေးအကျဉ်းသားများ ကို သက်တမ်းတိုးနေသဖြင့် ဦးကြည်တိုး ပြန်လည်လွှတ်မြောက်ရေးကို မိသားစုက စိတ်ပူနေကြသည်ဟု သိရသည်။ ယနေ့ သရက်ထောင်ကို ထောင်ဝင်စာသွားတွေ့ခဲ့သူ ဇနီးသည်ဒေါ်သိန်းသိန်းဝင်းက ဦးကြည်တိုးအပေါ် စစ်ထောက်လှမ်းရေးတို့ မတရားဖမ်းဆီးထောင်ချခဲ့ပုံကို ယခုလို စတင်ပြောဆိုသည်။

“၉၈ ကလေ၊ ၉၈ ကနေပြီးတော့ကျတော့ သူက ဟို ဒေါ်အောင်ဆန်းစုကြည်ရဲ့ ပြည်သူသို့ ပန်ကြားလွှာလေ။ ကျမတို့ အဖွဲ့အစည်းတွေကို သူက ဖြန့်တာပေါ့နော်။ ပုံနှိပ်ဥပဒေ ပုဒ်မ ၁၇ ဆိုတာနဲ့ ထောင် ၇ နှစ် ချလိုက်တာပေါ့။ လွှတ်ရက်ကတော့ ပြည့်ခါနီးပြီပေါ့နော်”

ထောင်ကျကတည်းက လျှော့ရက် လုံးဝမရခဲ့သည့်အပြင် ယခု လွှတ်ရက်စေ့ခါနီး၌ လွှတ်ပေးမပေး မသေမချာ ဖြစ်နေသည်ကိုလည်း ယခုလို ဆက်လက်ပြောပြသည်။

“သူ ထောင်ထဲကို ရောက်တဲ့အချိန်ကစပြီးတော့ လျှော့ရက်တွေက မရတော့တာလို့ သူပြောတယ်။ လျှော့ရက် အတိုင်းဆိုရင်တော့ ၅ နှစ်လောက်နဲ့ လွှတ်ရမှာပေါ့နော်။ အခုဟာကတော့ လျှော့ရက်မတဲ့အပြင် လွှတ်ရက်နီးနေတာ တောင်မှ လွှတ်ပေးတဲ့အထဲမှာ မပါဘူးဆိုတော့ ဒေါက်တာသန်းငြိမ်းလည်း နှစ်ထပ်တိုးတယ်။ ဒေါက်တာမေဝင်းမြင့်လည်း

ထပ်တိုးတယ်ဆိုတော့ လွှတ်ပေးတဲ့အထဲမှာ ဦးကြည်တိုးတို့က လပိုင်းပဲ လိုတော့တဲ့ဟာကို လွှတ်မပေးသေးဘူးဆိုတော့ လွှတ်မှပေးပါ့မလား။ နှစ်ပြည့်လို့မှ လွှတ်ပေးပါ့မလားဆိုတဲ့ ဒီ ကျန်းမာရေးအနေနဲ့က စိတ်ပူတာပေါ့နော်။ သူက နဂိုက အစာအိမ်ရှိတယ်။ အဲ နောက်ပြီးတော့ သွေးတိုးလည်း ရှိတယ်"

မကြာသေးခင်ကပင် အကျဉ်းသားဦးရေ သောင်းချီလွှတ်ပေးခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသားများမှာ အနည်းအကျဉ်းသာ ပါဝင်ခဲ့သည်။ နအဖ ၏ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသားပေါင်း ၁၃၀၀ ခန့် ကျန်ရှိနေသေးသည်။ ထိုကိစ္စအပေါ် ဦးကြည်တိုး၏ဇနီး ဒေါ်သိန်းသိန်းဝင်းက နိုင်ငံရေးအကျဉ်းသားအားလုံးကို ၎င်းတို့ မိသားစုများအကျိုးအတွက် အမြန်ဆုံးလွှတ်ပေးစေချင်သည်ဟု ယခုလို ပြောဆိုသွားခဲ့သည်။

"ကျမအနေနဲ့ ပြောချင်တာရှိတာကတော့ အကျဉ်းသားတွေပေါ့နော်၊ အကုန်လုံးလွှတ်ပေးမယ်လို့ နိုင်ငံရေးအကျဉ်းသားတွေပေါ့နော်။ ဒီလူနည်းစုပဲ ပါတယ်ဆိုတော့ အားလုံးကို ပြန်လွှတ်ပေးချင်တဲ့ဆန္ဒတော့ ကျမ ရင်ထဲမှာရှိတယ်ပေါ့နော်။ ဘာလို့ဆိုတော့ ကျမတို့ မိသားစုတွေက ထပ်တူထပ်မျှ ဒုက္ခတွေကို ခံနေကြရတာတွေဆိုတော့ အကုန်လုံးတန်းတူပေါ့နော်။ ဦးကြည်တိုး ပြန်လွှတ်လာတာရယ်မဟုတ်ပဲ အားလုံးပြန်လွှတ်စေချင်တဲ့ဆန္ဒ ရှိနေတာတော့ အမှန်ပဲ မပျော်နိုင်ဘူး။ ဟိုတယောက် အထဲထဲမှာ တကယ့်ဒုက္ခခံနေရတဲ့လူတွေ။ နောက် အပြင်မှာက ကျမကိုယ်တိုင်ကလည်း မိသားစုရဲ့ ဒုက္ခပေါ့နော်။ ခင်ပွန်း ထောင်ကျတယ်ဆိုတဲ့နောက်ပိုင်းမှာ ဒုက္ခတွေက အများကြီးကြုံတွေ့နေရတဲ့အခါ ကျတော့ ကိုယ့်ခင်ပွန်းတွေ ကိုယ့်မိဘတွေ ကိုယ့်သားသမီးတွေကို ပြန်လာမှသာလျှင် ဒီပြဿနာတွေက ပြေလည်မယ့်အကြောင်းအရာတွေပေါ့နော်။ အားလုံးကို ပြန်လွှတ်စေချင်တဲ့ စိတ်ပဲ ကျမ ရင်ထဲမှာရှိပါတယ်" အစသို့

## နအဖ၏ ပုဒ်မ ၁၀ (က) မှာ မတရားမှုအပေါ် မတရားမှု ထပ်ဆင့်ခြင်းသာဖြစ်

*၉ ဖေဖော်ဝါရီ ၂၀၀၅*

အင်းစိန်ထောင်၌ မတရားဖမ်းဆီးခံနေရသူ မရမ်းကုန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဒေါ်မေဝင်းမြင့်ကို ထောင်သက်တမ်း ၁ နှစ် ထပ်မံတိုးလိုက်ကြောင်း သိရသည်။ လွှတ်ရက်စေ့နေပြီဖြစ်သော်လည်း ဒေါ်မေဝင်းမြင့်ကို အာဏာပိုင်တို့က ပုဒ်မ ၁၀ (က) ဖြင့် ၂ လတကြိမ် ထောင်သက်တမ်းတိုးလာခဲ့ရာ ယခု ၆ လ ပြည့်သွားသည့်အတွက် တနှစ်ထပ်မံတိုးလိုက်ခြင်းဖြစ်ကြောင်း ဒေါ်မေဝင်းမြင့်၏အမျိုးသား ဦးဝင်းမြင့်က ပြောဆိုသည်။ ၎င်းသည်မှာ ယခင်ကထက် အခြေအနေ ပိုဆိုးလာသည်ဟု ပြောဆို၍ရမရ မေးမြန်းရာ ဦးဝင်းမြင့်က ယခုလို ဖြေကြားခဲ့သည်။

"အင်းပေါ့လေ။ အဲလိုပဲ ပြောရတော့မှာပေါ့။ ဘာဖြစ်လို့လည်းဆိုတော့ အရင်က မလျှော်ကန်တဲ့ဟုတ်လား။ ဥပဒေကြောင့် ဖျက်သိမ်းတယ်ဆိုတဲ့ဟာကတော့ အကုန်ပါမယ် ထင်တာလေ။ ဒါပေမယ့် အခုလို ပါမလာဘဲနဲ့ အခုလို ထပ်တိုးလိုက်တယ်ဆိုတော့ ဒါဟာ နည်းနည်းပိုတင်းမာလာတယ် ဆိုတာတော့ ပြောလို့ရတယ်ပေါ့လေ"

ထောင်သက်တမ်း ထပ်မံတိုးခံရသည့် ကိစ္စနှင့် ပတ်သက်ပြီး ဒေါ်မေဝင်းမြင့်အနေနှင့် တစုံတရာပြောပြခြင်း ရှိမရှိ မေးမြန်းရာတွင်လည်း ဦးဝင်းမြင့်က ယခုလိုပြောပြသည်။

"အဲ မရှိပါဘူး။ အဓိက ကတော့ သူတို့လည်း ဘယ်လိုခေါ်မလဲဆိုတော့ ပထမတော့ မျှော်လင့်ကြတယ်ပေါ့ဗျာ။ ဒါပေမယ့် နောက်တော့လည်း အကုန်လုံးက ကျန်နေသေးတဲ့လူတွေကို ကြည့်ပြီးတော့ ဟို သူတို့ဖာသာ သူတို့ Focus လုပ်လို့ရတာပေါ့။ မူလကတော့ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ ကိုယ်ရဲ့မျှော်လင့်ချက် တခုပေါ့။ ဟိုဒင်းပြုတာပေါ့လေ ရှိတာပေါ့။ အဲမှာ ဘာလို့ ထိုက်သင့်တဲ့ သူတို့ရဲ့ ဟိုဟာကို ကာလတခုကို ကိုယ်က ဖြတ်ခဲ့ပြီးပြီပဲ"

သွေးတိုးနှင့် နှလုံးရောဂါများရှိနေသည့် ဒေါ်မေဝင်းမြင့်မှာ ယခုလောလောဆယ် လည်ပင်းကျည်းပေါင်းတက်သည့်ရောဂါ ခံစားနေရသည်ဟုလည်း ဦးဝင်းမြင့်က ပြောကြားသွားသည်။ လွှတ်တော်ကိုယ်စားလှယ် ဒေါ်မေဝင်းမြင့်ကို မရမ်းကုန်းမြို့နယ် အဖွဲ့ချုပ်လူငယ်ဖွဲ့စည်းရန် ကြိုးပမ်းမှုဖြင့် ၁၉၉၇ ခုက ဖမ်းဆီးပြီး ထောင် ၇ နှစ် ချမှတ်ခဲ့သည်။ ထို့နောက် လွှတ်ရက်စေ့သော်လည်း ပြန်လွှတ်မပေးဘဲ ပုဒ်မ ၁၀ (က) ဖြင့် အကြိမ်ကြိမ် ထောင်သက်တမ်း ထပ်မံတိုးခံနေရခြင်း ဖြစ်သည်။ အလားတူ ဒေါ်မေဝင်းမြင့်နှင့်အမှုတွဲဖြစ်သော ကျောက်တန်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာသန်းငြိမ်းကိုလည်း ပြီးခဲ့သည့်လအတွင်းကပင် ထပ်မံ၍ ထောင်သက်တမ်း ၁ နှစ် တိုးခဲ့သည်။ ယခုလို လွှတ်ရက်စေ့ နိုင်ငံရေးအကျဉ်းသားများကို ပြန်လွှတ်မပေးပဲ ၁၀ (က) ဖြင့် ထောင်သက်တမ်းများ ထပ်တိုးနေသည်မှာ စိတ်ပိုင်းဆိုင်ရာအရ အဆိုးဝါးဆုံး နှိပ်စက်မှုတခုဖြစ်သည်ဟု နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း AAPP ကပြောဆိုသည်။ ထို့ပြင် ယခင်က ၂ လတကြိမ် တိုးနေရာမှ ယခု တနှစ်ထိ တိုးလိုက်ခြင်းမှာ နိုင်ငံရေးအကျဉ်းသားများ၏ အခြေအနေ ပိုဆိုးလာသည့်သဘော ဖြစ်သည်ဟုလည်း AAPP ပြောခွင့်ရပုဂ္ဂိုလ် ကိုဘိုကြည်က ယခုလို သုံးသပ်ပြောကြား ထားသည်။

"အခြေအနေကတော့ အရင်ထက်ဆိုရင် ပိုဆိုးလာတယ်လို့ ပြောလို့ရပါတယ်။ ဥပမာ ပြီးခဲ့သည့် ဒီနိုဝင်ဘာလထဲက စပြီးတော့ သောင်းနဲ့ချီပြီးတော့ လွှတ်နေတဲ့အထဲမှာတော့ နိုင်ငံရေးအကျဉ်းသားတွေက ရာဂဏန်းလောက်ပဲပါ

တယ်။ အဲဒီအပြင် မန္တလေးထောင်မှာ ကိုအောင်နိုင်ပြောပြတာ သူတို့ကို လွှတ်ပေးဖို့ တောင်းဆိုမိလို့ မတရားသဖြင့် အရိုက်ခံရတာတွေ ရှိနေတယ်ဆိုတော့ ထောင်တွင်းအခြေအနေထဲမှာလည်း ကျန်းမာရေးအခြေအနေတွေက နိုင်ငံရေးအကျဉ်းသားတွေရဲ့ ကျန်းမာရေးအခြေအနေက တနေ့တခြား ပိုပိုဆိုးဝါးလာတယ်။ ဒီ ဒေါက်တာ ဒေါ်မေဝင်းမြင့်ကလည်း သူက ရုပ်ပိုင်းဆိုင်ရာအရ ကျန်းမာရေးကလည်း အတော်လေးကို မကောင်းဘူးဖြစ်နေတယ်။ အဲဒီကြားထဲမှာ စိတ်ပိုင်းဆိုင်ရာအရ ဆက်ပြီးတော့ အထောင်းခံရတယ်ဆိုတဲ့ အခါကျတော့ သူ့ရဲ့ အသက်အန္တရာယ်အတွက် အတော်လေးစိုးရိမ်စရာဖြစ်တယ်ဆိုတော့ နောက် သူတို့ ၁၀ (က) ဆိုတဲ့ ပုဒ်မမျိုးဆိုတာလည်း မရှိသင့်တော့တဲ့ ပုဒ်မမျိုးဖြစ်တယ်။ ဒါက မတရားမှု အပေါ်မှာ မတရားမှု ထပ်ဆင့်တဲ့ သဘောမျိုးတွေဖြစ်နေတယ်ပေါ့ဆိုတော့ ဒီအခြေအနေမျိုးတွေကို သုံးသပ်ကြည့်မယ်ဆိုရင် ထောင်ထဲက အခြေအနေကလည်း တိုးတက်မှုမရှိဘူး။ အဲဒီလိုပဲ နိုင်ငံရေးအကျဉ်းသားတွေရဲ့ အခြေအနေလည်း တိုးတက်လာဖို့မရှိဘူး။ အဲဒါနဲ့ တပြိုင်နက်ထဲမှာပဲ မြန်မာနိုင်ငံရဲ့ နိုင်ငံရေးတခုလုံးရဲ့ အခြေအနေကလည်း တိုးတက်လာမှု မရှိဘူးလို့ဘဲ ပြောရမှာပဲ”

နအဖ အကျဉ်းထောင်များထဲတွင် ပုဒ်မ ၁၀ (က) ဖြင့် ထောင်သက်တမ်း ထပ်မံတိုးခံနေရသူ လွတ်ရက်စေ့ နိုင်ငံရေးအကျဉ်းသား အနည်းဆုံး ၂၀ ခန့် ကျန်ရှိနေဆဲဖြစ်သည်ဟုလည်း ကိုဘိုကြည်က ပြောကြားသွားသည်။ အစသို့

## ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များအမှု စီရင်ချက်ချရန် ထပ်မံရက်ရွှေ့ဆိုင်း

*၉ ဖေဖော်ဝါရီ ၂၀၀၅*

အမျိုးသားအောင်ပွဲနေ့ ကျင်းပရန် ကြံစည်မှုဖြင့် ဖမ်းဆီးခံနေရသူ ဘိုကလေးမြို့က အဖွဲ့ချုပ်ပါတီဝင် ၁၂ ဦး အမှု ကို ယနေ့ လွှတ်ပေးခြင်းမရှိပဲနှင့် ထပ်မံ ရက်ရွှေ့ဆိုင်းလိုက်ကြောင်းသိရသည်။ ယခုလ ၂၂ ရက်နေ့အထိ ထပ်မံရက်ရွှေ့လိုက်ခြင်းဖြစ်ပြီး ဤသည်မှာ ကြားနာမှုမလုပ်ဘဲနှင့် ၃ ကြိမ်မြောက်ရွှေ့ဆိုင်းမှု ဖြစ်သည့်အတွက် ထိုသူများအားလုံးကို ချောချောမောမော ပြန်လွှတ်ပေးပါမည်လားဟု အဖွဲ့ချုပ်ပါတီဝင်တို့က စိုးရိမ်နေကြသည်။ ယနေ့ အမှုစစ်ဆေးသည့် ဖျာပုံထောင်တရားရုံးသို့ ရောက်ရှိခဲ့သူ ရောဝတီတိုင်း၏ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှဖေက ၎င်း၏အမြင်ကို ယခုလို ပြောပြသည်။

“အဲဒီကိစ္စက ဒီလို ဖြစ်သွားတယ်လေ။ ဒီက ရှေ့နေ ၄ ယောက်စလုံး သွားတယ်ဗျ။ အဲ ၂ နာရီကျော်ကျော်လောက်ကျတော့ သူတို့ ရက်ချိန်းပြန်ပေးတယ်။ အဲ ၂၂ ရက်နေ့ကို ပြန်ချိန်းတယ်ဗျာ။ ဟုတ်ကဲ့ စစ်လို့ရအောင် အဲ အခု ကျန်းမာရေးကောင်းတယ်ဗျာ။ အားလုံးနေထိုင်ကောင်းကြပါတယ်။ ဟိုဘက်က သက်သေတွေလည်း စစ်ပြီးပြီ အားလုံး အခု စီရင်ချက်ချဖို့ပဲ ရှိတော့တယ်လေ။ အဲ စီရင်ချက်ချဖို့က ၂ ခါရှိပြီချိန်းတာ အခုဟာနဲ့ဆို ၃ ခါပေါ့။ ဘာဖြစ်လို့လဲ မပြောနိုင်ဘူးဗျ။ သူတို့မချလို့ ကျနော်တို့ စောင့်နေရတာပဲ။ အခု အချိန်နဲ့ကတော့ ကျနော်တို့ ဟိုဟာတော့ အမှန် သူတို့စွပ်စွဲတဲ့ ပုဒ်မတွေနဲ့ကတော့ ဘာမှ မငြိပါဘူးနော်။ ဟိုအဖြစ်အပျက်နဲ့ စွဲတဲ့ ပုဒ်မကတော့ ဟိုဟာ လွှတ်ပါတယ်။ ဟုတ်ကဲ့ ၂၂ ရက်နေ့ ပြန်နားထောင်ရမှာပေ့ါဗျာ”

ဖမ်းဆီးခံနေရသူ ၁၂ ဦးမှာ ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခင်ဘို အဖွဲ့ဝင်များဖြစ်သည့် ဦးအောင်ငွေ၊ ဦးခင်မောင်ချစ်၊ ဦးသက်ထွန်း၊ ဦးတင်ဦး၊ ဦးအောင်မြင့်၊ ဦးဝင်းနိုင်၊ ဦးလှမြင့်၊ ဒေါ်မိမိစိန်၊ ဒေါ်နှင်းဆီတို့ ဖြစ်သည်။ ၎င်းတို့အားလုံးကို ပြီးခဲ့သည့် ဒီဇင်ဘာ ၆ ရက်နေ့ အမျိုးသားအောင်ပွဲနေ့တွင် စတင်ဖမ်းဆီးခဲ့ခြင်းဖြစ်၍ ယခုဆိုလျှင် ၂ လကျော်နေပြီ ဖြစ်ကြောင်းလည်း သိရသည်။ အစသို့

## တောင်ငူ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့် ထောင်တွင်း၌ ကျန်းမာရေးဆိုးရွားနေ

*၁၀၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

အင်းစိန်ထောင်၌ မတရားဖမ်းဆီးခံနေရသူ ပဲခူးတိုင်း တောင်ငူမြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်စိုးမြင့် ကျန်းမာရေးအခြေအနေ ဆိုးဝါးနေကြောင်း သိရသည်။ ဆီးချိုနှင့် နှလုံးရောဂါခံစားနေရသူ ဦးအောင်စိုးမြင့်မှာ ယခုလောလောဆယ် မျက်လုံးဝေဒနာ အပြင်းအထန် ခံစားနေရကြောင်း သိရသည်။ မျက်လုံးဝေဒနာခံစားနေရ၍ ဦးအောင်စိုးမြင့်ကို ဆေးကုသပေးရန် ဇန်နဝါရီလ ၁ ရက်နေ့ကပင် သရက်ထောင်မှ အင်းစိန်ထောင်သို့ ပြောင်းရွှေ့ခဲ့သည်။

သို့သော်လည်း ယခုချိန်ထိ ဆေးဝါးကုသပေးခြင်း မရှိသေးကြောင်း ပြီးခဲ့သည့် ရက်ပိုင်းကမှ ထောင်ဝင်စာ တွေ့ပြီး ပြန်လာသူ ဇနီးသည် ဒေါ်အေးအေးသန်းက ယခုလို ပြောပြသည်။

“ကျမတို့သွားတွေ့တဲ့အထိတော့ မရှိသေးဘူး ဘာမှ သရက်မှာနေတုန်းက ICRC က မျက်စိလာလာ စစ်တာလေ။ နိုဝင်ဘာလလား မသိဘူး။ အဲဒီတုန်းက ကုရမယ့်ဟာကို အဲတုန်းက လွှတ်တာတွေနဲ့ သူတို့မပို့ဖြစ်ဘူးလေ။ အခု ဇန်နဝါရီ ၁ ရက်မှ ရောက်လာတယ်။ အဲတုန်းက မျက်စိစစ်တာပဲလေ စစ်တော့အဲမှာ ဟို ဝါးတယ်ပြုတယ် ဆိုပြီး ရန်ကုန်မှာပြောင်းကုမယ်လို့ပြောတာပဲ။ အခုတော့ ဘာမှမဖြစ်သေးဘူးလေ။ ဒီအတိုင်းပဲ ဆေးရုံဆောင်မှာပဲ နေရတယ်”

နှလုံးနှင့် ဆီးချိုရောဂါများအတွက် ပုံမှန်ဆေးပို့ပေးနေရကြောင်းလည်း ဒေါ်အေးအေးသန်းက ပြောပြသည်။ ထောင်ဝင်စာတွေ့ရာတွင်လည်း စကားပြောခွင့်နည်းရသည့်အထဲ သံဇကာ နှစ်ထပ်ခြားထားသည့်အပြင် အစောင့်များ ကြား၌ ပြောရသည့်အတွက် စိတ်မကောင်းဖြစ်ရသည်ဟု ဒေါ်အေးအေးသန်းက ယခုလို ဆက်လက်ပြောပြသည်။

"တွေ့ရတာလေးက မိနစ် ၂၀ ကိုး။ မိနစ် ၂၀ တယ်ဆိုတော့လည်း အဲဒီ သိပ်ပြီးတော့လည်း ထွေထွေထူးထူး ပြောလို့ကလည်းမရဘူးလေ။ ဟို ပြောချင်တာလေးတွေ ကျန်းမာရေးတွေ၊ နေထိုင်ကောင်းကြောင်း အဲဒါလေးတွေပေါ့။ သူ မှာစရာပြစရာ အဲဒါလေးတွေ ပြောတယ်။ ပြောတာလည်း လူတွေကလည်းများတော့ မကြားတချက် ကြားတချက်နဲ့ အနားသံဇကာတွေကလည်း ခြားထားတော့လေ အနားကပ်ပြီး အဲလို သံဇကာခြားထားတော့ ကပ်ပြီးပြောရတာ အဲလို ကြီး တွေ့ရတော့ စိတ်တော့ ဘယ်ကောင်းပါမလဲရှင်"

ဦးအောင်စိုးမြင့်ကို ပြီးခဲ့သည့် ၂၀၀၃ ခုနှစ်ကုန်ပိုင်းက ဆိုင်ကယ်တိုက်မှုဖြင့် ဖမ်းဆီးပြီး တရားမဝင်ဆိုက်ကယ် အသုံးပြုမှုနှင့် ထောင် ၇ နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ဦးအောင်စိုးမြင့်မှာ စတင်ဖမ်းဆီးခံရချိန်ကတည်းက ကျန်းမာရေး မကောင်းသည့်အတွက် တောင်ငူနှင့် သရက်ထောင်တွင်လည်း ထောင်ဆေးရုံမှာပင်နေရပြီး တလျှောက်လုံး ဆေးဝါးကုသ မှု ခံနေရသူဖြစ်၍ ၎င်း၏ကျန်းမာရေးအတွက် အထူးစိုးရိမ်နေမိကြောင်း ဒေါ်အေးအေးသန်းက ပြောပြခဲ့သည်။ အစသို့

## ရှမ်းပြည်တပ်မတော် ဉက္ကဋ္ဌနှင့် အဖွဲ့ဝင် ၂ ဦးဖမ်းဆီးခံရ

*၁၀၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

တောင်ကြီးမြို့မှရရှိသည့် သတင်းတပုဒ်အရ ရှမ်း 'ငြိမ်း' အဖွဲ့ဖြစ်သည့် ရှမ်းပြည်တပ်မတော်ဉက္ကဋ္ဌ ဦးဆေထင်နှင့် အဖွဲ့ဝင် ၂ ဦးကိုလည်း ဆွေးနွေးစရာရှိ၍ဆိုပြီး အာဏာပိုင်တို့က မနေ့ညပိုင်းက ခေါ်ယူသွားကြောင်း သိရသည်။ တောင်ကြီး အခြေစိုက် အရှေ့ပိုင်းတိုင်း တိုင်းမှူးဗိုလ်ချုပ်ခင်မောင်မြင့်၏အမိန့်ဖြင့် ယခုလိုခေါ်သွားခြင်းဖြစ်ပြီး ယခုချိန်ထိ အဆက် အသွယ်မရသေးဟု တောင်ကြီးမြို့ရှိ SSA ရုံးခန်းတာဝန်ခံတဦးက ဒီဗွီဘီကို ပြောဆိုသည်။

ဦးဆေထင်နှင့်အတူ ပါသွားသူနှစ်ဦးမှာ ဗိုလ်မှူးဟန်အောင်နှင့် ရုံးအဖွဲ့မှူး ဗိုလ်ကြီးစိုင်းဦးစိုင် တို့ဖြစ်သည်။ ၎င်း တို့ကို မည်သည့်အတွက်ကြောင့် ဖမ်းဆီးသွားကြောင်း ရှင်းရှင်းလင်းလင်း မသိရသေးသော်လည်း မကြာမီကျင်းပရန်ရှိနေ သည့် အမျိုးသားညီလာခံနှင့် ဆက်စပ်နိုင်သည်ဟု အကဲခတ်တို့က ခန့်မှန်းနေသည်။ ထို့ပြင် ယခုဖမ်းဆီးမှုမှာ တောင်ကြီး အခြေစိုက် မျိုးဆက်သစ်လူငယ်များအဖွဲ့ ရှမ်းပြည်နယ်က ပြုလုပ်သည့် ညီလာခံအကြောင်း ဆွေးနွေးပွဲများနှင့် ၎င်းတို့အဖွဲ့ က ဖြန့်ဝေသည့် စာရွက်စာတမ်းများနှင့်လည်း ဆက်စပ်မှုရှိနိုင်သည်ဟု တချို့က ယူဆနေသည်။ မည်သို့ပင်ဖြစ်စေ ယခု ဖမ်းဆီးမှုများမှာ ပြည်ထောင်စုနေ့ ကျင်းပရန် တရက်အလို ညောင်နှစ်ပင်ညီလာခံ ကျင်းပရန် ၅ ရက်ခန့်အလိုတွင် ဖြစ်သွားခဲ့၍ တိုင်းရင်းသား စည်းလုံးညီညွတ်မှုနှင့် ညောင်နှစ်ပင်ညီလာခံကိုပါ ဆိုးဆိုးဝါးဝါး ထိခိုက်ဂယက်ရိုက်မှုများ ရှိနိုင် ကြောင်းလည်း အကဲခတ်တို့က ဝေဖန်နေကြကြောင်း သိရသည်။ အစသို့

## ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဉက္ကဋ္ဌ အပါအဝင် ပါတီဝင် ၄ ဦး ဖမ်းဆီးခံရ

*၁၀၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ CRPP အဖွဲ့ဝင် တဦးဖြစ်သူ ရှမ်းအဖွဲ့ချုပ်ဉက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် အတွင်းရေးမှူး ဦးစိုင်းညွန့်လွင် အပါအဝင် ရှမ်းပါတီဝင် အနည်းဆုံးလေးဦးကို အာဏာပိုင်တို့က မနေ့က ဖမ်းဆီးလိုက်ကြောင်း သိရ သည်။ အထူးရဲတပ်ဖွဲ့ဝင်တချို့ ယမန်နေ့က ညနေ ၅ နာရီခန့် ဦးခွန်ထွန်းဦးနှင့် စိုင်းညွန့်လွင်နေအိမ် ရောက်ရှိလာပြီး ရဲချုပ် ခင်ရီက ဆွေးနွေးစရာရှိသည့်အတွက် ခဏလိုက်ခဲ့ပါဆိုပြီး ခေါ်သွားသည်မှာ ယခုအချိန်ထိ အိမ်ပြန်ရောက်မလာသေးဟု မိသားစုဝင်တို့နှင့် တိုင်းရင်းသား မဟာမိတ်ပါတီခေါင်းဆောင်များက ဒီဗွီဘီကို အတည်ပြုပြောကြားခဲ့သည်။ ထို ဖမ်းဆီးမှု နှင့်ပတ်သက်၍ ပိုမိုသိရှိနိုင်ရန် CRPP အဖွဲ့ဝင်တဦးလည်းဖြစ် UNA ခေါ် ညီညွတ်သောတိုင်းရင်းသားများမဟာမိတ်အဖွဲ့ ခေါင်းဆောင်တဦးလည်းဖြစ်သူ ဦးကြင်ရှင်းထန်ကို မေးမြန်းခဲ့ရာ မနေ့က ဖမ်းသွားတာ ဟုတ်မှန်ကြောင်း ယခုလို စတင် ရှင်းပြသည်။

"မှန်ပါတယ်ခင်ဗျာ။ မနေ့က ၅ နာရီ ညနေ ၅ နာရီလောက်မှာ အခုထက်ထိ ပြန်မလာဘူး။ ဘာဖြစ်နေမှန်း မသိ ဘူး။ ခေါ်သွားတော့ အမှန်ပါပဲ"

ဒီဗွီဘီ — ဟုတ်ကဲ့ သူတို့ ၂ ယောက်ပဲလား အန်ကယ် ခေါ်သွားတာ။

"ဟုတ်တယ်"

ဒီဗွီဘီ — သူတို့ဟာ ဒီနေ့ ပုံမှန်ဆိုရင် ဒီနေ့ သူတို့ ရှမ်း SNLD လားမသိဘူး။ ဒါမှမဟုတ် Joy Action အစည်း အဝေး စသဖြင့် ရှိတာမဟုတ်လား အန်ကယ်။

"အဲ သူက ဟိုဟာလေ သူတို့ SNLD ဗဟိုကော်မီတီ အစည်းအဝေး ဒီနေ့မှစမှာ အဲဒါ မနေ့က ခေါ် သွားတယ် ဆိုတော့ ဒါ ပျက်သွားတာပေါ့ခင်ဗျာ။ ဆိုတော့ အတွင်းရေးမှူးနဲ့ ဥက္ကဌမရှိတော့ နောက်ပြီးတော့ တောင်ငူမှာ နှစ်ယောက် ဖမ်းတယ် နှစ်ယောက်ခေါ်သွားတယ်လေ။ ရှမ်းပြည်နယ်က လာတဲ့ဟာတွေ တယောက်မှ ကျန်တဲ့လူတွေ ဆက်လာတယ် လေ။ မနေ့ကကျတော့ ခွန်ထွန်းဦးနဲ့ အဲဒီလူ စိုင်းညွန့်လွင် ထပ်ခေါ်တယ်။ အားလုံး အထဲမှာ သူတို့ထဲမှာ လေးယောက် ဖြစ်နေပြီပေါ့။ "

ဒီဗွီဘီ — ဟုတ်ကဲ့။ အခုန တောင်ငူက နှစ်ယောက်ဆိုတာ ဘယ်လိုမျိုးလည်း အန်ကယ်။

"တောင်ငူမှာ ရန်ကုန်ကို အလာလေ။ သူတို့က အမှုဆောင်လေ EC ဗဟိုကော်မီတီဝင် အဲဒီမှာ ၁၀ ရက်နေ့မှာ သူတို့က စဖို့ ရန်ကုန်ကိုလာတာကို လမ်းမှာတောင်ငူမှာ ရထားပေါ်ကနေပြီးတော့ တားထားတာပေါ့"

ဒီဗွီဘီ — ဟုတ်ကဲ့၊ ဟုတ်ကဲ့။

"ဟိုဟာ ခေါ်တဲ့လူတွေကတော့ –ခဏလေးပါဆိုပြီးတော့ ဒါတော့ သူတို့ပြောနေကျစကားပေါ့ဗျာ"

ဒီဗွီဘီ — ဟုတ်ကဲ့၊ အခုဟာက ကျနော်တို့က အပြင်က နားလည်သလောက်ကတော့ အခု ဦးခွန်ထွန်းဦးတို့ ညီလာခံကိစ္စ ပြောလို့ ဖမ်းတာလာပေါ့လေ။ အန်ကယ်တို့က ဘယ်လိုယူဆလည်း ခင်ဗျ။

"အဲလိုတော့ သိပ်တော့ မယူဆသေးဘူး။ အဲလိုတော့ သိပ်မပေါ်သေးဘူးဗျ။ အခု ကျနော်တို့ လုပ်နေတာက NLD နဲ့ ဟိုဟာ CRPP ဟို ကျနော်တို့ လူမျိုးစုတွေ ပူပေါင်းပြီးတော့မှ ပြည်ထောင်စုနေ့လုပ်ဖို့ ဟိုဟာ အဖွဲ့ချုပ်ရုံးမှာ လုပ်ဖို့ ရှိတယ်။ အဲမှာ ကျနော်တို့ လူမျိုးစုတွေက သဘာပတိ လုပ်ပါဦးဆိုပြီးတော့ အဲ သဘာပတိအတွက်လေ ခွန်ထွန်းဦး လေ ကျနော်တို့လျာထားတယ်။ အဲဒါတွေများ ဖျက်လိုဖျက်စီး လုပ်တာလားတော့ မသိဘူး လေ ဒါ"

ဒီဗွီဘီ — ဟုတ်ကဲ့၊ ညီလာခံက မသေချာပေမယ့် ပြည်ထောင်စုနေ့က သဘာက်ခါပေါ့လေ။ ပြည်ထောင်စုနေ့ ဖြစ်ပြီးဆိုတော့ ပြည်ထောင်စုနေ့လုပ်ဖို့ ၁ ရက်အလိုမှာ ဒီလိုမျိုး ခေါ်ပြီးတော့ မေးတာပြုတာ ဖမ်းတာဆီးတာ ဖြစ် တော့ ရော၊ ပြည်ထောင်စုနေ့နဲ့ပတ်သက်ပြီး အန်ကယ် တိုင်းရင်းသားခေါင်းဆောင်တွေက ဘယ်လို မြင်လဲခင်ဗျ။

"အဲ ကျနော်တို့အနေနဲ့တော့ တော်တော်လေးတော့ ဝမ်းနည်းတာပေါ့ဗျာ။ ဘာလည်းဆိုတော့ ဒီတခါလည်း မဟုတ်ဘူး။ နှစ်ခါဖြစ်နေပါပြီး။ ဟိုအရင်တခါ ကျနော်တို့ အဲလိုပဲလုပ်တယ်။ သံသတမန်တွေလည်း အားလုံး ဖိတ်ထားပြီးပြီ နီးကပ်လာတဲ့ အခါမှာ အခုလိုပဲ ဖျက်သိမ်းခံရတယ်။ အခုလည်းပဲ ဒီ ထိုနည်းသဘောပါပဲ။ ဘာလည်း ဆိုတာ ကျနော်တို့ ၁၂ ရက်နေ့မှာ ဟိုဟာ ကျနော်တို့ညှော်ခံဖို့ သံတမန်ရော၊ ဝါရင့်တွေရော နိုင်ငံရေးနာမည်ကြီးတဲ့လူတွေကို ကျနော်တို့ ဖိတ်ထားပြီးပြီ။ အဲဒီ ဥစ္စာကို အခုမှ ဟို လာခေါ်တဲ့လူတွေက ဒါတွေက ဖျက်သိမ်းလိုက်ပါ။ တကယ်လို့ စရန်တို့ ဘာတို့ ပေးထားရင် ပြန်ယူပါဆိုပြီးတော့ မှာထားတယ်ဆိုတော့ ဒါကို ကျနော်တို့ပြည်ထောင်စုလို့ အော်ပေမယ့် ပြည်ထောင်စု သဘောတော့ သိပ်မရှိဘူးဆိုတာ ကျနော်တို့ မြင်တဲ့အတွက် ကျနော်တို့ ဝမ်းနည်းတာပေါ့"

တချိန်တည်းမှာပင် တခြား CRPP အဖွဲ့ဝင်များကိုလည်း အာဏာပိုင်တို့က နည်းမျိုးစုံဖြင့် ခြိမ်းခြောက်နေပြီး သွားလေရာကို နောက်ကတကောက်ကောက် လိုက်လံနှောက်ယှက်နေကြောင်း ဦးကြင်ရှင်းထန်က ပြောဆိုသည်။ အဆိုးဝါးဆုံး နှောက်ယှက်မှုတခုမှာ CRPP အတွင်းရေးမှူး ဦးအေးသာအောင်၏နေအိမ်ကို အထူးရဲသတင်းတပ်ဖွဲ့က ပြီးခဲ့ သည့် ရက်ပိုင်းအတွင်းက ရောက်ရှိလာပြီး သတိပေးသွားခြင်းဖြစ်သည်။ ဦးအေးသာအောင် အနေဖြင့် ညီလာခံကို ဆန့်ကျင်ခြင်းများ သိပ်မပြောရန် CRPP မှာ တရားဝင်နိုင်ငံရေး ပါတီမဟုတ်သည့်အတွက် အချိန်မရွေးဖျက်သိမ်းနိုင် ကြောင်း၊ ယခင် ထောင်သက်တမ်း အကြွေးကျန်ရှိနေသေးသဖြင့် အချိန်မရွေး ထောင်ထဲ ရောက်သွားနိုင်ကြောင်း စသဖြင့် ရိုင်းရိုင်းစိုင်းစိုင်း ခြိမ်းခြောက်သွားခဲ့သည်ဟုလည်း ဦးကျင့်ရှင်းထာန်က ထပ်မံဖြည့်စွက် ပြောကြားခဲ့သည်။ အစသို့

## ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သူ ဦးရွှေအုန်း အကျယ်ချုပ်ဖမ်းဆီးခံရ

*၁၁ ဖေဖော်ဝါရီ ၂၀၀၄*

ရွေးကောက်ပွဲအနိုင်ရ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဌ ဦးခွန်ထွန်းဦးနှင့် အဖွဲ့ဝင် ၄ ဦး 'ငြိမ်း' အဖွဲ့တဖွဲ့ ဖြစ်သည့် ရှမ်းပြည်အမျိုးသားတပ်မတော် ဥက္ကဌ ဗိုလ်ချုပ်ဆေထန်နှင့် အဖွဲ့ဝင် ၃ ဦးကို ယခုလ ၉ ရက်နေ့က ဖမ်းဆီးပြီး နောက် ယနေ့တွင် သမိုင်းဝင် ပင်လုံစာချုပ် လက်မှတ်ရေးထိုးရာ၌ ပါဝင်ခဲ့သူ ရှမ်းဝါရင့်နိုင်ငံရေးသမား ဦးရွှေအုန်းကိုပါ နအဖ က အကျယ်ချုပ် ဖမ်းဆီးထားလိုက်ကြောင်းသိရသည်။

ရန်ကုန်မြို့တွင် နေထိုင်သည့် ဦးရွှေအုန်းမှာ ရှမ်းအမျိုးသားနေ့ပွဲတော် ဆင်နွဲရန်အတွက် ယခုလ ၇ ရက်နေ့က တောင်ကြီးမြို့သို့ ခရီးထွက်ခဲ့သည်။ ထို့နောက် တောင်ကြီးမြို့ရှိ မျိုးဆက်သစ်ရှမ်းလူငယ်များအဖွဲ့မှ ဦးမြင့်သန်းတို့နှင့် ပူး ပေါင်းပြီး ရှမ်းပြည် အနာဂတ်ရေးကိစ္စများနှင့် ညောင်နှစ်ပင်ညီလာခံ၌ 'ငြိမ်း'အဖွဲ့များ မည်သို့လုပ်သင့်သလဲဆိုသည့် ကိစ္စ များကို အချိန်ယူ ဆွေးနွေးခဲ့ကြသည်ဟု တောင်ကြီးမြို့ရှိ နိုင်ငံရေးသမားတို့က ပြောဆိုသည်။ ထိုအစည်းအဝေးကို

ဦးရွှေအုန်းနှင့်အတူ ရှမ်းနိုင်ငံရေးအများအပြား တက်ရောက်ခဲ့သလို ရန်ကုန်မြို့မှ ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးသုဝေနှင့် ရှမ်း 'ငြိမ်း' အဖွဲ့များက ကိုယ်စားလှယ်တို့လည်း တက်ရောက်ခဲ့ကြသည်။ ဆွေးနွေးပွဲကျင်းပပြီး နောက်တရက် ၈ ရက်နေ့ည တွင် ဦးရွှေအုန်းကို ပုဒ်မ ၁၀ (က) ဖြင့် အကျယ်ချုပ်ဖမ်းဆီးလိုက်ပြီး ယခု တည်းခိုနေထိုင်သည့် တောင်ကြီးမြို့ရှိ ညီဖြစ်သူ ဒေါက်တာအောင်မြင့်၏ နေအိမ်မှ အပြင်လုံးဝမထွက်ရဘဲ ပိတ်ပင်ထားသည်ဟု အဆိုပါ နိုင်ငံရေးသမားများက ဒီဗွီဘီကို အတည်ပြုပြောကြားခဲ့သည်။ တချိန်တည်းမှာပင် ထိုဆွေးနွေးပွဲကို တာဝန်ယူစီစဉ်သူ မျိုးဆက်သစ်လူငယ်အဖွဲ့မှ ဦးမြင့်သန်းနှင့် အဖွဲ့ဝင်အချို့ကိုလည်း အထူးရဲက ဖမ်းဆီးလိုက်ပြီး တောင်ကြီးအချုပ်ခန်းထဲ ထည့်ထားသည်ဟု သိရသည်။ ထိုနေ့ နံနက်ပိုင်း ၂ နာရီခန့်တွင် ရှမ်းပြည်အမျိုးသားတပ်မတော် ဥက္ကဋ္ဌ ဦးဆေထင်နှင့် အဖွဲ့ဝင် ၃ ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းဖြစ်ကြောင်း အဆိုပါ မြို့ခံ နိုင်ငံရေးသမားများက ထပ်မံဖြည့်စွက်ပြောကြားခဲ့သည်။

ထိုအစည်းအဝေးကို တက်ရောက်ခဲ့သူ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးသုဝေနှင့် အမျိုးသမီးနိုင်ငံရေးသမားဖြစ်သူ ဒေါ်ချိုချိုကျော်ငြိမ်းတို့ကို ရန်ကုန်မြို့သို့ ပြန်ခွင့်ပြုလိုက်ကြောင်း သိရသော်လည်း ၎င်းတို့နေအိမ်များသို့ ချောချောမောမော ရောက်မရောက်ဆိုသည်ကို မသိရသေးပေ။ အစသို့

## တိုင်းရင်းသားခေါင်းဆောင် ၇ ဦး ဆက်လက်ဖမ်းဆီးခံနေရဆဲ

*၁၂၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

ယခုအချိန်ထိ ဖမ်းဆီးခံနေရသူ ဦးရေ အနည်းဆုံး ၇ ဦးရှိပြီး ၎င်းတို့မှာ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီ အဖွဲ့ချုပ်မှ ဦးခွန်ထွန်းဦး၊ စိုင်းညွန့်လွင်၊ စိုင်းလှအောင်နှင့် စဝ်ကြာဉ၊ ရှမ်းဝါရင့်ခေါင်းဆောင် ဦးရွှေအုန်း၊ မျိုးဆက်သစ်လူငယ်မှ ဦးမြင့်သန်းနှင့် ရှမ်း 'ငြိမ်း' ခေါင်းဆောင် ဗိုလ်ချုပ်ဆေထင်တို့ဖြစ်သည်။ တောင်ကြီးမြို့၌ ဖမ်းခံလိုက်ရသည့် ဦးရွှေအုန်းက ဖမ်ဆီးမခံရမီ အချိန်လေးတွင် ဒီဗွီဘီကို ယခုလို ပြောကြားခဲ့။

"အဲ ကျနော် ရွှေအုန်းပါ။ ကျနော် ဒီမှာ တောင်ကြီးမှာ အစည်းအဝေးလုပ်တယ်နော်။ အဲဒါ သိတယ်နော်။ အဲဒီ အစည်းအဝေးနောက် ကျနော် အခု ပုဒ် ၁၀ (ခ)၊ ၁၁ အရ ကျနော်အရေးယူခံနေရတယ်နော်။ ကျနော် အဲဒါ ကျနော် အဖြစ်အပျက်ကို ကျနော်အမှန်အတိုင်း ပြန်ပြောပါတာပဲလေ။ ကျနော်မပြောဘူး ပြောပိုင်ခွင့်လည်း မရှိတော့ဘူးလေ"

အဆိုပါဆွေးနွေးပွဲအပြီး ရန်ကုန်ကို ပြန်ခွင့်ရသည်ဆိုသော ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးသုဝေနှင့် ဒေါ်ချိုချိုကျော်ငြိမ်း တို့လည်း ယခုအချိန်ထိ ၎င်းတို့နေအိမ်များကို ပြန်မရောက်သေးဘဲ လမ်းမှာပင်ပျောက်ဆုံးနေကြောင်း သိရသည်။

ထို့ပြင် နောက်ဆုံးရရှိသည့်သတင်းအရ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မီတီ CRPP အတွင်းရေးမှူး ဦးအေးသာအောင်ကို အာဏာပိုင်တို့က ခေါ်ဆောင်သွားသည်ဟု သိရသည်။ သို့သော်လည်း ထိုသတင်းနှင့် ပတ်သက်ပြီး သီးခြားအတည်ပြုနိုင်ခြင်း မရှိသေးပေ။ အစသို့

## အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးအား နေအိမ်အကျယ်ချုပ် ၁ နှစ် ထပ်မံသက်တမ်းတိုး

*၁၅၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

နေအိမ်အကျယ်ချုပ် ကျခံနေရသည့် အဖွဲ့ချုပ် ဒုဥက္ကဋ္ဌ ဦးတင်ဦးကို အာဏာပိုင်တို့က အကျယ်ချုပ်သက်တမ်း တနှစ် ထပ်မံတိုးလိုက်ကြောင်း သိရသည်။ ပြီးခဲ့သည့် တနင်္ဂနွေနေ့ကပင် ဦးတင်ဦး၏ နေအိမ်ကို ရဲကား တစီးရောက်ရှိလာပြီး ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့အထိ ပုဒ်မ (၁၀) ခ ဖြင့် နေအိမ်အကျယ်ချုပ် ဆက်ချ ထားလိုက်ကြောင်း အမိန့်စာ လာဖတ်ပြသွားသည်ဟု သိရသည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ်ဦးလွင်ကို မေးကြည့်ရာ ဟုတ်မှန် ကြောင်း ယခုလို အတည်ပြုပြောဆိုသည်။

"ဟုတ်ပါတယ် ဟုတ်ပါတယ်။ ကျနော်တို့ သူ့အိမ်နီးနားချင်းတွေကနေပြီးတော့ သူ့အိမ်ထဲကို ဟိုဒင်းပေါ့ ရဲတွေ ပေါ့ ယူနီဖောင်းနဲ့ရဲတွေ အိမ်ထဲဝင်သွားတယ်ပေါ့။ ဟို တော်တော်ကြာမှ ထွက်လာတယ်ပေါ့။ အဲဒါနဲ့ နောက်တော့ ကြား တာ အဲဒီရဲတွေဟာတဲ့ အဲ ဦးတင်ဦးကို နောက်ထပ် တနှစ်အကျယ်ချုပ်ချုပ်တယ်ဆိုတဲ့ဟာကို လာပြီးတော့ ဖတ်ကြတာ တဲ့။ ဟိုတလောတုန်းက ဒေါ်အောင်ဆန်းစုကြည်ကို ရဲများသွားပြီး ဖတ်ပြတဲ့သဘောပါပဲ။ သူတို့ ပြောတဲ့အတိုင်းဆို မှန်းကြ တာလေ။ တနင်္ဂနွေနေ့ကဖြစ်နိုင်တယ်။ တနင်္ဂနွေနေ့ ၁၃ ရက်ပေါ့"

ဒီဗွီဘီ — ဟုတ်ကဲ့ရှင့်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးကို ဒီပဲယင်းအပြီးမှာ အတူဖမ်းခဲ့ပြီးတော့ ဦးတင်ဦးကို ဘာကြောင့်အခုမှ တနှစ်ထပ်တိုးတာလည်းရှင့်။

"ဟို အန်ကယ်တို့ သိသလောက်ပေါ့လေ။ ဆိုတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးနဲ့ ထားပုံထားနည်းက မတူဘူး။ ပထမ ထားတာက ဟို ဦးတင်ဦးက ဒေါ်အောင်ဆန်းစုကြည်နဲ့ မတူတာ ထောင်ထဲမှာ နေရတာ။ ထောင်ထဲမှာ အချုပ်နဲ့နေရတာ။ ထားတယ်ဆိုတော့ ၁၀ (က) ဖြစ်တယ်။ အဲ အခုအိမ်မှာထားတယ်ဆိုတော့ ၁၀ (ခ) ဖြစ်တယ်။ ၁၀ (ခ)

နဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ထားတာ စောတယ်။ ဦးတင်ဦးကို ၁၀ (ခ) နဲ့ ထားတာ နောက်ကျတယ်။ အဲအခုတော့မှ သူက တနှစ်ပြည့်တယ် ထင်ပါတယ်"

ဒီဗွီဘီ — ဟုတ်ကဲ့ရှင့်၊ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးကို ချက်ချင်းပြန်လွှတ်ပေးပြီးတော့ ဟို တွေ့ဆုံဆွေးနွေး ရေးလုပ်ဖို့ နိုင်ငံတကာကတော့ အနက်ကယ်တို့အဖွဲ့ချုပ်ကရော တောင်းဆိုနေတဲ့ကြားက အခုလို နောက်ထပ် တနှစ်ထပ်တိုး လိုက်တဲ့ အပေါ်မှာ ဘယ်လိုမျိုးပြောစရာရှိမလဲရှင့်။

"လက်တွေ့ဖြစ်တယ်ဆိုတဲ့ ကိစ္စက သုံးသပ်ကြည့်ရတော့မှာပေါ့လေ။ ဉပမာ ဦးထွန်းမြင့်တို့ ဦးသုဝေတို့ကို အဲ ၁၀ (က) ပေါ့လေ။ ထောင်ထဲကလူတွေဆိုတော့ ၁၀ (က)နဲ့ သူတို့ တနှစ်တိုးတယ်ဆိုတာကို လုပ်ထားပြီးသား နောက် တရက်၊ နှစ်ရက်ပေါ့လို့ ဆိုရမှာပေါ့။ အဲဒီမှာ သူတို့ လွှတ်လိုက်တာပဲ ထောင်က တနှစ်မပြည့်ခင်မှာကို ဒါ လွှတ်ဖို့က အကြောင်း ရှိရင် သူတို့လွှတ်ရမှာပဲ။ ၁၀ (က) သမားတောင်မှ ဦးသုဝေတို့ ဦးထွေးမြင့်တို့က အဲဒါ ဒီနေ့ တနှစ်ချုပ်တယ်ဆိုပြီး နောက် ၂ ရက်လောက်နေတော့ လွှတ်တယ်ဆိုတော့လည်း ဖြစ်တာပဲ"

ဦးတင်ဦးမှာ မေ ၃၀ ဒီပဲယင်း လုပ်ကြံမှုအပြီး ကလေးထောင်၌ ၁၀ လ နီးပါး အကျဉ်းချခံထားရပြီး ပြီးခဲ့သည့်နှစ် ဖေဖေါ်ဝါရီလ ၁၃ ရက်နေ့ကမှ နေအိမ်အကျယ်ချုပ်ဖြင့် ရန်ကုန်ကို ပြောင်းရွှေ့ခံရခြင်းဖြစ်သည်။ နေအိမ်အကျယ်ချုပ် တနှစ်ပြည့်သည့် ယခုလ ၁၃ ရက်နေ့က ထပ်မံ၍ တနှစ် ဆက်လက်ချုပ်နှောင်ထားရန် အာဏာပိုင်တို့က ယခုလို ထပ်မံတိုးလိုက်ခြင်းဖြစ်ကြောင်းလည်း သိရှိရသည်။ အစသို့

## ဖမ်းဆီးခံထားရသည့် ရှမ်းခေါင်းဆောင်များအား တနေရာစီခွဲ၍ ထပ်မံပြောင်းရွှေ့

*၁၆၊ ဖေဖေါ်ဝါရီ၊ ၂၀၀၅*

ရှမ်းအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် အဖွဲ့ဝင်လေးဦး ဖမ်းဆီးခံနေရသည်မှာ ယနေ့ သတင်းတပတ်ပြည့်သွားပြီဖြစ်၍ ၎င်းတို့နှင့်အတူ ပါသွားသည့်ပစ္စည်းအချို့ကို အာဏာပိုင်တို့က မိသားစုဆီ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ဦးခွန်ထွန်းဦး၏ လက်ကိုင်တယ်လီဖုန်းနှင့် ပစ္စည်းအချို့ကို အထူးရဲတပ်ဖွဲ့က ယနေ့လာရောက် ပေးအပ်သွားပြီး ဦးခွန်ထွန်းဦးတို့ကို တနေရာဆီ ထပ်မံပြောင်းလိုက်ပြီဟု ရဲအရာရှိက ရှင်းပြခဲ့သည်ဟု ဆိုသည်။ သို့သော် ၎င်းတို့ကို ယခင်က မည်သည့်နေရာတွင် ဖမ်းဆီးထားသည်။ ယခု မည်သည့်နေရာကို ပြောင်းမည်။ မည်သည့်အချိန်၌ ထောင်ဝင်စာ တွေ့ခွင့်ရမည်၊ မည်မျှကြာကြာ ဖမ်းထားဦးမည် စသည့်အချက်များကိုမူ အဆိုပါရဲအရာရှိက ရှင်းပြရန် ငြင်းဆိုခဲ့ကြောင်း မိသားစုဝင်တို့က ပြောပါသည်။ ထိုအတောအတွင်းမှာပင် ဦးခွန်ထွန်းဦး၏ စီးပွားရေးလုပ်ငန်း ဖြစ်သည့် အိုဇာစီ ကယ်ဒီရာ ဆားဗစ် ကုမ္ပဏီကိုလည်း အာဏာပိုင်တို့က မနေ့က လာရောက်ပိတ်ပင်လိုက်ကြောင်း သိရသည်။ ထိုကုမ္ပဏီကို ၁၉၈၄ ကတည်းက ဖွင့်လစ်ခဲ့ခြင်းဖြစ်ပြီး မနေ့က ကုမ္ပဏီဝန်ထမ်းအားလုံးကို ရုံးတက်ရန်မလိုတော့ကြောင်းနှင့် ရုံးကို ရက်အကန့် အသတ်မရှိ ပိတ်လိုက်ပြီဖြစ်သည်ဟု အာဏာပိုင်တို့က လာရောက်ပြောဆိုသွားကြောင်း သိရသည်။

ဦးခွန်ထွန်းဦးအပါအဝင် ယခုအချိန်ထိ ဖမ်းဆီးခံနေရသူများမှာ စိုင်းညွန့်လွင်၊ စိုင်းလှအောင်၊ စိုင်းသာဦး၊ ရှမ်း– ငြိမ်းမှ ဗိုလ်ချုပ်ဆေထင်၊ ရှမ်းဝါရင့် ဦးရွှေအုန်း၊ ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်း၊ ဦးညွန့်မောင်၊ ဦးဘသင်း၊ ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ ဦးသုဝေ၊ ဖဆပလအဖွဲ့မှ ဒေါ်ချိုချိုကျော်ငြိမ်းနှင့် ၎င်း၏သမီးဖြစ်သူ မဥမ္မာတို့ဖြစ်ကြောင်း သိရသည်။ အစသို့

## မန္တလေးထောင်၌ ဖမ်းဆီးခံထားရသည့် ကိုရွှေမောင်အား မိသားစုနှင့် တွေ့ခွင့်မပေးသေး

*၁၉ ဖေဖော်ဝါရီ ၂၀၀၅*

ရွှေခမောက်သွန်းလောင်းမှုဖြင့် မန္တလေးထောင်၌ မတရားဖမ်းဆီးခံနေရသူ ကိုရွှေမောင်ကို အကျဉ်းထောင်အတွင်း အစာ ငတ်ခံဆန္ဒပြ၍ ထောင်ဝင်စာတွေ့ခွင့် ပိတ်ထားသည်မှာ ယခုဆိုလျှင် ရက်ပေါင်း ၄၀ ရှိသွားပြီဖြစ်သည်။ ဇန်နဝါရီလ ၉ ရက် နေ့ကတည်းက စတင်ပိတ်ထားခြင်းဖြစ်ပြီး ယခုအချိန်ထိ လူချင်းလည်းတွေ့ခွင့်မရ၊ စားစရာနှင့်ငွေကြေးလည်း ပို့ခွင့်မရသည့် အတွက် ကိုရွှေမောင်၏ အခြေအနေအပေါ် အထူးစိုးရိမ်မိသည်ဟု ဇနီးသည်ဒေါ်သန်းသန်းဝင်းက ယခုလို ပြောပြသည်။

"ကိုရွှေမောင်မှာတဲ့ သွေးဝမ်းတွေသွားနေတယ်လို့ ကြားတယ်။ သွေးဝမ်းသွားနေတယ်တဲ့။ အဲဒါ ထောင် ညွှန်မှူး နဲ့ ထောင်ပိုင်ကြီးက ကိုရွှေမောင်ကို လာတွေ့တယ်တဲ့။ ၁၃ ရက် ၂ လပိုင်း ၂၀၀၅ ကတဲ့။ အဲဒီမှာ ကိုရွှေမောင်က သူ ဒီလို ဖြစ်တဲ့အကြောင်းတွေကို၊ ဦးသောင်းမြင့်ကို အရေးယူပေးဖို့ရာ တောင်းဆိုတယ်တဲ့။ တောင်းဆိုတော့ အဲဒီအချိန်တုန်းက တော့ သူတို့ခေါင်းညိတ်သွားပြီး အခုချိန်ထိ ဦးသောင်းမြင့်ကို အရေးယူမပေးဘူးလို့ ကြားတယ်။ အခု ပြစ်ဒဏ်တိုက်မှာ ကိုရွှေမောင်ကို ထားတယ်တဲ့။ ကိုရွှေမောင်ကို ခေါ်သွားတုန်းကလည်း သူတို့က ထောင် တခန်းနဲ့တခန်း ရွှေ့တုန်းကလည်း ကိုရွှေမောင်ကို ဘာမှ ယူသွားခွင့်မပြုဘူးတဲ့။ စောင်လေးတထည်ပဲ ယူသွားခွင့်ပြုတယ်တဲ့။ အစားအစာတွေရောတဲ့ သူ့

အကျီအဝတ်အစားကအစ ဘာမှ မယူရဘူးလို့ ပြောတယ်။ အခုအချိန်ထိတောင် သူ ရေချိုးခွင့်လည်းမရဘူးလို့ ပြောတယ်။ ကျမ သိရသလောက်ကတော့ အဲဒီပုံစံ ဖြစ်နေတယ်"

ကိုရွှေမောင်၏ဇနီးသည် ပြောပြခဲ့သည့် ဦးသောင်းမြင့်ဆိုသူမှာ ထောင်အာဏာပိုင်တဦးဖြစ်ပြီး ကိုရွှေမောင်ကို ကိုယ်ထိလက်ရောက် ရိုက်နှက်ခဲ့သူဖြစ်သည်။ အာဏာပိုင်တို့မှာ ကိုရွှေမောင် အစာငတ်ဆန္ဒပြနေသည့်သတင်း အပြင်ကို ပေါက်ကြားသွားသည့်အပေါ် အထူးစိတ်ဆိုး ဒေါသထွက်နေသည်ဟု ဆိုသည်။ ထို့ကြောင့် အခြားထောင်ဝင်စာလာတွေ့သူအားလုံးကို စနစ်တကျ စစ်ဆေးနေသည်ဟု သိရကြောင်းလည်း ဒေါ်သန်းသန်းဝင်းက ယခုလို ဆက်လက်ပြောပြသည်။

"အခုကိစ္စတွေကိုတဲ့ အပြင်မှာတဲ့ ကိုရွှေမောင် သတင်းတွေ အပြင်ပေါက်ကြားလို့တဲ့ ထောင်မှူးကိုယ်တိုင် အသံဖမ်းစက်တွေနဲ့ ကင်မရာတပ်ပြီးတော့တဲ့ သူ ကြပ်ကြပ်မတ်မတ်နဲ့ ညွှန်ကြားထားတယ်တဲ့။ ဦးသောင်းမြင့်က ကိုယ့်အကြောင်းကလွဲ၍ ဘယ်သူ့အကြောင်းမှ မပြောရဘူးလို့ ထောင်မှူးတွေက ပြောတယ်တဲ့။ ထောင်ဝင်စာလာတွေ့တဲ့ အမျိုးသမီးတွေကိုလည်း ထမီချွတ်မရှာရုံ ထမီလှန်မရှာရုံတမယ်ပဲတဲ့။ တအားကြီးကို ကြပ်ကြပ်မတ်မတ် စောင့်နေတယ်တဲ့။ ပြီးကျ အထူးရှာဖွေရေးလည်း လုပ်တယ်တဲ့။ အဲဒီထဲမှာ အုတ်တံတိုင်းတွေကို ဖောက်ရှာတယ်တဲ့။ သူတို့အိပ်နေတဲ့ သစ်သားပြားတွေပေါ် အောက်က အခင်းတွေကိုလည်း လှန်လှောပြီး ရှာတယ်လို့ ပြောတယ်"

အသက် ၄၀ ဝန်းကျင်ရှိ ကိုရွှေမောင်မှာ မန္တလေးထွန်တုံးရပ်ကွက်မှ အဖွဲ့ချုပ်ပါတီဝင်တဦးဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံသည့်အနေဖြင့် ရွှေခမောက်ကြီးကို ၂၀၀၂ ခုနှစ် အစောပိုင်းက စတင်သွန်းလောင်းခဲ့ခြင်းဖြစ်သည်။ ထိုနှစ် ဒီဇင်ဘာလ အမျိုးသားအောင်ပွဲနေ့တွင် ရန်ကုန်ရှိ ဒေါ်အောင်ဆန်းစုကြည်ထံ ရွှေခမောက်ကို ပို့ဆောင်ရန် ကြိုးစားနေစဉ် ဖမ်းဆီးခံလိုက်ရပြီး ထောင်ဒဏ် ၃ နှစ် ချမှတ်ခံခဲ့ရသည်။ ယခုဆိုလျှင် လွတ်ရက်စေ့ခါနီးဖြစ်သော်လည်း နအဖ က ပြန်လွှတ်မပေးသည့်အပြင် ယခုလို ရိုက်နှက်ညှဉ်းပန်းမှုများ ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။ အစသို့

## တောင်ကြီးအစည်းအဝေးနှင့် ဆက်စပ်ပြီး ၃ ဦးထပ်မံဖမ်းဆီးခံရ

*၂၁၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

ယခုလ ၇ ရက်နေ့က တောင်ကြီး၌ ပြုလုပ်သည့် အစည်းအဝေးနှင့်ဆက်စပ်ပြီး ဖမ်းဆီးခံရသူဦးရေ တဖြည်းဖြည်းတိုးလာနေကြောင်း သိရသည်။ ဒီဗွီဘီက ယနေ့ ထပ်မံရရှိသည့်စာရင်းများအရ သုံးဦး ထပ်မံတိုးလာပြီး ၎င်းတို့မှာ ရှမ်းမျိုးဆက်သစ်မှ ဦးထွန်းညို၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဒီမိုကရေစီအဖွဲ့ချုပ် UNLD မှ ဦးစိုင်းသောင်း နှင့် ဦးကျော်ဝင်း (အင်းသား) တို့ဖြစ်သည်။ ၎င်းတို့သုံးဦးအပါအဝင် အခြားအမည်မသိသည့် လူဦးရေ ၂၀ ခန့်ကို ယခုလ ၉ ရက်နေ့တွင် စစ်တပ်က ဖမ်းဆီးပြီး ယခုအချိန်၌ ရန်ကုန်မြို့ အထူးထိန်းသိမ်းရေးစခန်းတခုသို့ ပို့လိုက်ပြီဟု တောင်ကြီးရှိ နိုင်ငံရေးသတင်းရပ်ကွက်တခုက ပြောဆိုသည်။

ယခုအချိန်ထိ ရရှိထားသည့် ဖမ်းဆီးခံစာရင်းကို အနှစ်ချုပ်ဖော်ပြရလျှင် ရှမ်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခွန်ထွန်းဦး၊ အတွင်းရေးမှူး ဦးစိုင်းညွန့်လွင်၊ အဖွဲ့ဝင် စိုင်းလှအောင်နှင့် စိုင်းသာဦး၊ ရှမ်းငြိမ်းဥက္ကဋ္ဌ ဗိုလ်ချုပ်ဆေထင်၊ UWSA 'ဝ' အဖွဲ့ တောင်ကြီးရုံးခွဲ တာဝန်ခံ ဝေထင်ကျိုးနှင့် ၎င်း၏လက်ထောက်တဦး၊ ရှမ်းဝါရင့် ဦးရွှေအုန်း၊ ရှမ်းမျိုးဆက်သစ်မှ ဦးမြင့်သန်း၊ ဦးညွန့်မောင်၊ ဦးဘသင်းနှင့် ဦးထွန်းညို၊ UNLD မှ ဦးစိုင်းသောင်းနှင့် ဦးကျော်ဝင်း (အင်းသား)၊ ဒီမိုကရေစီပါတီဥက္ကဋ္ဌ ဦးသုဝေ၊ ဖဆပလ အဖွဲ့မှ ဒေါ်ချိုချိုကျော်ငြိမ်းနှင့် ၎င်း၏သမီးဥမ္မာတို့ဖြစ်သည်။

ထိုအတောအတွင်းမှာပင် လားရှိုးနှင့် သီပေါဘက်မှ ရရှိသည့်သတင်းအရ SSPC အဖွဲ့ဝင်များဖြစ်သည့် ရှမ်းပြည်တပ်မတော်မြောက်ပိုင်း SSA-N နှင့် ရှမ်းပြည်အမျိုးသားတပ်မတော် SSNA တို့ ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက အစည်းအဝေးများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ ထို့ပြင် ခွင့်သွားနေသူများ အဝေးကို ရောက်နေသူ တပ်ဖွဲ့ဝင်အားလုံး စိန်ကျော့ ဌာနချုပ်စခန်းဆီ အမြန်ဆုံးလာရောက်ရန် ဆင့်ခေါ်ထားပြီး စစ်ရေးပြင်ဆင်မှုများ ပြုလုပ်နေကြောင်း စုံစမ်းသိရှိရသည်။ အစသို့

## ဖမ်းဆီးခံထားရသော ရန်ကုန်တိုင်းမှ အဖွဲ့ချုပ်ဝင်များ မိသားစုနှင့် တွေ့ခွင့်မရသေး

*၂၁၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

လွန်ခဲ့သည့် ၂ လခန့်ကတည်းက ဖမ်းဆီးခံထားရသော အလုံမြို့နယ်မှ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘမြင့်နှင့် အဖွဲ့ချုပ်ဝင်လေးဦးကို အာဏာပိုင်တို့က ယခုအချိန်ထိ ရုံးထုတ်စစ်ဆေးခြင်း မရှိသေးဟု သိရသည်။ ၎င်းတို့ကို မိသားစုနှင့် လုံးဝ တွေ့ခွင့်မပေးသောကြောင့် အင်းစိန်ထောင် သို့မဟုတ် အခြားစစ်ကြောရေးဌာနတခုခုတွင် ရှိနေသလားဆိုသည်ကို ခန့်မှန်းရခက်သည်ဟုလည်း အဖွဲ့ချုပ်ရွှေနေအသိုင်းအဝိုင်းက ပြောဆိုသည်။ အကယ်၍ တရားဝင်စွဲချက်တင်ပြီဆိုလျှင် ဥပဒေကြောင်းအရ ကာကွယ်လျှောက်လဲရန်အတွက် ဗဟိုဥပဒေအထောက်အကူပြုအဖွဲ့က အသင့်ပြင်ဆင်ထားသည်ဟု သိရသည်။ ယခု

အချိန်ထိ မည်သည့်သတင်းမှမရရှိ၍ စစ်ကြောရေးဌာနတခုခု၌ စစ်ဆေးနေဆဲဟု ယူဆရကြောင်း အဖွဲ့ချုပ်ရှေ့နေတဦး ဖြစ်သူ ဦးဉာဏ်ဝင်းက ယခုလို ပြောဆိုသည်။

"အဲ ကျနော်အခုပဲ အဲဒီကိစ္စကို မေးပြီးပြန်လာတယ်။ ဘာမှမသိရသေးဘူး သူ့မိသားစုကလည်း မသိသေးဘူး။ သူအခု ဘယ်မှာထားတယ်ဆိုတာလည်း သတင်းမရဘူး။အန်ကယ်လ်တို့ သူတို့သတင်းကို စုံစမ်းပြီးတော့ ရှိတဲ့ထောင်မှာ လိုက်သွားဖို့ပါ။ အဲဒါ အခုထိကို တယောက်မှ မလိုက်နိုင်ကြသေးဘူး။ ဦးမြင့်သောင်းနဲ့လည်း အခုပဲ တွေ့လာတယ်။ သူတို့လည်း စုံစမ်းတာ အတိအကျကိုမသိသေးဘူး။ သူတို့ ပုံမှန်ဆိုရင် ခေါ်သွားတယ်။ စစ်ကြောရေးဆိုတာ သူတို့လုပ်တယ်။ အဲဒီကာလမှာ တရားရုံးအမိန့်တွေ ဘာတွေမယူဘူး။ နောက်ကျတော့မှ စစ်ကြောတာပြီးတော့မှ အမှုတင်မယ်ဆိုမှ သူတို့က ဒီဘက်ထောင်ကို ပို့တယ်။ အဲဒါအန်ကယ်တို့ ဒါ နိုင်ငံရေးအမှုတွေမှာ အကုန်လုံး ဒီလိုပဲတွေ့နေရတယ်"

အဖွဲ့ချုပ် ရန်ကုန်တိုင်းအတွင်းရေးမှူး ဒေါက်တာဝင်းနိုင်ကလည်း အဖွဲ့ချုပ်ဝင်များ ဖမ်းဆီးခံရသည့်အခါတိုင်း အာဏာပိုင်တို့ဘက်က လူ့အခွင့်အရေးစံနှုန်းများနဲ့အညီ မည်သည့်အခါမှ မဆောင်ရွက်သည့်အတွက် အမြဲဒုက္ခရောက်ရသည်ဟုလည်း ယခုလို ပြောပြသည်။

"ရန်ကုန်တိုင်း စည်းရုံးရေးအဖွဲ့ကနေပြီးတော့ တာဝန်ပေးချက်အရ ဥပဒေအဖွဲ့ဝင်တွေက အခု သူတို့ သက်ဆိုင်ရာအိမ်တွေနဲ့ သူတို့လိုက်သွားပြီးတော့ စုံစမ်းတယ်။ သက်ဆိုင်ရာဥက္ကဋ္ဌတွေကိုလည်း ကျနော်တို့ တာဝန်ပေးထားတယ်။ ကျနော်တို့က ဒီလိုပေါ့လေ၊ တိတိကျကျ သတင်းပေ့ါ။ ဥပမာ ဘယ်နေ့၊ ဘယ်အချိန်၊ ဘယ်ရုံးမှာ ထုတ်မယ်ဆိုတဲ့ဟာမျိုးများသောအားဖြင့် အမှုတွေပါ ကျနော်တို့က မသိရဘူး။ တခါတရံမှ ဥပမာ အင်းစိန်ကို ကျနော်တို့ အရင်ထောင်ဝင်စာသွားတွေ့တယ်။ သွားတွေ့တဲ့အခါမှာ သွားတွေ့တဲ့လူတွေကတဆင့် ဒီပုဂ္ဂိုလ်တွေတော့ ရုံးထုတ်နေပါပြီ၊ ရုံးမှာတွေ့ခဲ့ပါတယ်ဆိုလို့ ပြန်လာတော့မှ အဲဒါ ကျနော်တို့ဆီက ရှေ့နေတွေ ကမန်းကတမ်းလိုက်ရမယ်။ အဲဒီအခါမှာ အမှုက တဝက်လောက် ရှိပြီ။ တခါတလေကျလို့ရှိရင် တရားလိုပြသက်သေတွေ စစ်ပြီးတော့ တရားခံပြသက်သေတွေလောက်ပဲ ကျန်တော့တယ်။ ကျနော်တို့က လုံးဝလုပ်လို့ မရတော့ဘူး။ တခါတလေ ကျလို့ရှိရင် ကျနော်တို့ ရောက်တဲ့နေ့မှာ အမိန့်ချမယ့်နေ့ဖြစ်နေတယ်။ သိတယ်ဆိုရုံပဲ သိလိုက်ရတယ်။ ဒီအမှုက အောက်ခြေအဆင့်မှာ ပြီးသွားပြီပေ့ါ။ အဲဒါ အဲဒီလိုပဲ အများစုဟာ ကျနော်တို့ ရင်ဆိုင်နေရတာကိုး"

အလုံမြို့နယ် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဘမြင့်၊ အဖွဲ့ဝင် ဦးဘတင့်၊ ကမာရွတ်မြို့နယ်မှ လူငယ်အဖွဲ့ဝင်များ ဖြစ်ကြသည့် ကိုအောင်မျိုးဆန်း၊ ကိုခင်ကျော်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ ခြံဝင်းလုံခြုံရေးတာဝန်ယူခဲ့ဘူးသည့် ကိုထွန်းလင်းကျော်တို့ကို အာဏာပိုင်တို့က ဒီဇင်ဘာလလယ်၌ ရှေ့ဆင့်နောက်ဆင့်ဆိုသလို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ ယခု ၂ လနီးပါး ကြာသည်အထိ လုံးဝ သတင်းအစအန မရသည့်အတွက် မိသားစုဝင်အားလုံး စိုးရိမ်ပူပန်နေကြသည်ဟုလည်း သိရသည်။ အစသို့

## မတရားဖမ်းဆီးခံထားရသော ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များ ပြန်လည်လွတ်မြောက်

*၂၂၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

အမျိုးသားအောင်ပွဲနေ့ကျင်းပရန် စီစဉ်မှုဖြင့် ဖမ်းဆီးခဲ့သည့် ဘိုကလေးမြို့နယ်က အဖွဲ့ချုပ်ဝင် ၁၂ ဦးကို ယနေ့ ပြန်လွှတ်ပေးလိုက်ကြောင်း သိရသည်။ ထိုအမှုကို နောက်ဆုံးအဆင့် စီရင်ချက်ချရန် ဖျာပုံမြို့နယ် တရားရုံးက သုံးကြိမ်တိုင်တိုင် ရုံးချိန်းရက်ရွှေ့ဆိုင်းခဲ့ပြီး ယနေ့တွင် အားလုံးကို စွဲဆိုထားသည့် ဥပဒေပုဒ်မ ၃/၉၀ နှင့် လုံးဝ ငြိစွန်းမှုမရှိဟူသော ဆုံးဖြတ်ချက်နှင့် ပြန်လွှတ်ပေးလိုက်ခြင်းဖြစ်သည်။ ထိုကိစ္စနှင့်ပတ်သက်ပြီး ရောဝတီတိုင်းမှ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးလှဖေကို ဆက်သွယ်မေးမြန်းသည့်အခါ ယခုလို စတင်ပြောပြသည်။

"ဒီနေ့ ကျနော်တို့ ဟိုဒင်းအမှုက သုံးကြိမ်မြောက်ပေ့ါဗျာ။ ရက်ချိန်း ဒီနေ့စီရင်ချက်ချတဲ့နေ့ပေ့ါ။ အဲဒါ ဟိုဒင်း (စည်း) တဖွဲ့လုံးကို အားလုံးကို စွဲထားတဲ့အမှုကနေ တရားသေလွှတ်လိုက်တယ်ဗျာ။ ဆုံးဖြတ်ချက်ချလိုက်တယ်။ တခုတော့ ထူးခြားတာတော့ရှိတာပေ့ါဗျာ။ မဝတဥက္ကဋ္ဌက ကိုယ်တိုင်လာပြီးတော့ အားလုံး မိသားစုတွေနဲ့ ကျနော်တို့အဖွဲ့ဝင်တွေကို ဘိုကလေးအထိ သူတို့မော်တော်ယာဉ်တွေနဲ့ ရောက်အောင် ကူညီပြီးတော့ ပို့ဆောင်ပေးတယ်လို့ သိရပါတယ်။ "

ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဝင်များကို စတင်ဖမ်းဆီးကတည်းက အပြစ်မရှိပဲ တမင်ဖမ်းဆီး ချုပ်နှောင်ခဲ့ခြင်းဖြစ်ပြီး ထိုသို့ဖမ်းဆီးမှုများကြောင့် အဖွဲ့ချုပ်ဝင်များ နစ်နာခဲ့ရသည်ဟုလည်း ဦးလှဖေက ယခုလို ထောက်ပြပြောဆိုခဲ့သည်။

"အမှန်ကတော့ ကျနော်တို့ဘက်က ကြည့်ရင်တော့ ဒါ အပြစ်မရှိဘူးဗျ။ ဒီတရားရုံးမှာလည်း ဒီအတိုင်းပဲ ကျနော်တို့ ရှင်းလင်းပြီးတော့ ခုခံတာပဲလေ။ ဘာလို့ဆိုတော့ ဒီအမျိုးသားအောင်ပွဲနေ့ဆိုတာ နှစ်စဉ်နှစ်တိုင်း ဒါ အဖွဲ့တိုင်း လုပ်ကြတဲ့ အစဉ်အလာပဲ။ စွဲထားတဲ့ ပုဒ်မ ၃/၉၀ အရ ရွေးကောက်ပွဲတုန်းက ထုတ်ထားတဲ့အမိန့်၊ အဲဒါက လွှတ်တော်ကိုယ်စားလှယ်တွေ အဖွဲ့တဖွဲ့နဲ့ တဖွဲ့ ပြောပြဆိုကြပေ့ါဗျာ။ စည်းရုံးကြပြောကြတဲ့ကိစ္စမှာ နည်းနည်း ဟို ပြဿနာတွေ မဖြစ်အောင် ရှန်းရင်းဆန်ခတ်မဖြစ်အောင် တားဆီးတဲ့အမိန့်မျိုးပါ။ အဲဒါ အခု ဒီအမိန့်နဲ့ ဆွဲတာကတော့ အခုက

ရွေးကောက်ပွဲကာလလည်း မဟုတ်ဘူး။ ဘာမှလည်း ပြဿနာမရှိဘူးလေ။ နောက်ပြီးတော့လည်း ဒီအမျိုးသား အောင်ပွဲနေ့ဟာ ကျနော်တို့ လုပ်လည်းမလုပ်ရသေးဘူး။ မလုပ်ဖို့လည်း ဆုံးဖြတ်ပြီးတော့မှ ပြန်သွားကြတာပါ။ မခိုင်လုံပဲနဲ့ ဒီလိုဖြစ်ရတယ်ဆိုတာကတော့ သိပ်နစ်နာတာပေါ့နော်။ အားလုံး မိသားစုတွေလည်းနစ်နာ သူတို့လည်း ဟိုထဲ နေရထိုင်ရတာလည်း အခက်အခဲနဲ့ အကြပ်အတည်းတွေ တော်တော်ရှိပါတယ်။ လူတွေက ကျန်းမာရေးကောင်းပေမယ့် နေရထိုင်ရတာက ထောင်ထဲနေရတာကိုးဗျာ။ ဒီတော့ တော်တော်အခက် အခဲရှိပါတယ်”

အဖွဲ့ချုပ်ဝင်များကို အာဏာပိုင်တို့က ယခုလို မမှန်ကန်သည့်ဥပဒေပုဒ်မများနှင့် စွပ်စွဲဖမ်းဆီးနေသည့်အပေါ် မည်သို့ ပြောဆိုချင်ကြောင်း မေးမြန်းရာ၌ ဦးလှဖေက ယခုလို ဖြေကြားသွားသည်။

“ကျနော်တို့ကတော့ သိတဲ့အတိုင်းပဲလေ။ ဟို တရားဥပဒေစိုးမိုးရေးဆိုတာ ဥပဒေကို မှန်မှန်ကန်ကန်ကျင့်သုံးပြီး မှန်မှန်ကန်ကန် ဆုံးဖြတ်ပေးတာကို ကျနော်တို့က လိုချင်တာပေါ့ဗျာ။ ဥပဒေရဲ့အကာအကွယ် ဥပဒေရဲ့ အဆုံးအဖြတ်၊ ဥပဒေရဲ့စောင့်ရှောက်မှုကို မှန်မှန်ကန်ကန် ကျနော်တို့ လိုချင်တာဆိုတော့ (စည်း) တဖွဲ့လုံး ၁၂ ယောက်စလုံးကို ဒီလို မမှန်မကန်နဲ့ စွပ်စွဲပြီးတော့ တရားစွဲဆိုပြီးတော့ ဒီလို ထိန်းသိမ်းတော့လည်းပဲ ဥပဒေအရ ကျနော်တို့ ယုဉ်ပြီးတော့ ဒါဟာ တက်ပြီးတော့ တရားစွဲဆိုင်ရတာပေါ့နော်။ တရားဥပဒေဆိုင်လို့ သူတို့ မမှန်မကန်ဘူး။ မခိုင်လုံဘူးဆိုတဲ့အတွက် တရားရုံးကနေ ဒီလိုဆုံးဖြတ်လိုက်တယ်ဆိုတာ ကျနော်တို့ ဒါပဲ ကျနော်တို့ ခံယူရမှာပေါ့”

ဘိုကလေးမြို့နယ်မှ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးအောင်ခင်ဘို၊ အတွင်းရေးမှူး ဦးအောင်ဌေးနှင့် အဖွဲ့ချုပ် လူငယ်စောဘန်ကူး အပါအဝင် အဖွဲ့ချုပ်ဝင် ၁၂ ဦးကို အမျိုးသားအောင်ပွဲနေ့ ကျင်းပရန် စီစဉ်မှုဖြင့် ဒီဇင်ဘာလ ၁၆ ရက်နေ့က ဖမ်းဆီးခဲ့ပြီး ဖျာပုံထောင်၌ ချုပ်နှောင်ထားခဲခြင်းဖြစ်သည်။ ထိုအမှုကို တပတ် နှစ်ကြိမ်စစ်ဆေးပြီး ယခု ၃ လနီးပါးကြာချိန်၌ ပြန်လွှတ်ပေးလိုက်ခြင်း ဖြစ်သည်။ ထိုအမှုကို အခမဲ့ လိုက်ပါဆောင်ရွက်ပေးခဲ့သည့် အဖွဲ့ချုပ်ရှေ့နေများမှာ ဦးကျော်ဟိုး၊ ဦးအောင်သိန်း၊ ဦးတင်ဝင်းနှင့် ဦးမင်းဆွေတို့ဖြစ်ကြောင်း သိရသည်။ အစသို့

## ဦးခွန်ထွန်းဦးတို့အား နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် စွဲချက်တင်မည်ဟု ကြားသိနေရ

*၂၄၊ ဖေဖော်ဝါရီ၊ ၂၀၀၅*

ယခုလ ၉ ရက်နေ့တွင် ဖမ်းဆီးခံခဲ့ရသည့် ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးခွန်ထွန်းဦးနှင့် အဖွဲ့ဝင်သုံးဦးကို နိုင်ငံတော် အကြည်အညိုပျက်မှုဖြင့် စွဲချက်တင်လိုက်ပြီဆိုပြီး ရန်ကုန်ကပေးပို့သည့် ရိုက်တာသတင်း၌ ဖော်ပြထားသည်။ အဖွဲ့ချုပ်ပြောခွင့်ရပုဂ္ဂိုလ် ဦးလွင်နှင့် တရားရေးဆိုင်ရာနီးစပ်သူများထံမှ ထိုသတင်းကို ရရှိသည်ဟုလည်း ကိုးကားဖော်ပြထားသည်။ ထို့ကြောင့် ထိုသတင်းနှင့်ပတ်သက်၍ ဦးလွင်ကို ဒီဗွီဘီက မေးမြန်းရာ၌ ၎င်းကြားရသည့် သတင်းကို ပြောခြင်းသာဖြစ်ပြီး စွဲချက်တင်ရန် ပြင်နေသည်လား၊ စွဲချက်တင်ပြီးသွားပြီလားဆိုသည်ကို ရှင်းရှင်းလင်းလင်း မသိရသေးဟု ယခုလို တုံ့ပြန်ခဲ့သည်။

“အန်ကယ်က အန်ကယ်ကို သတင်းပို့တဲ့လူရှိတယ်လေ။ ဟို အန်ကယ်ကို သတင်းပို့ရတဲ့ အဖွဲ့ရှိတယ်လေ။ အဲဒီတော့ သူတို့က ပုံစံထဲမှာရေးထားတယ်။ သူတို့ဒီလိုပဲ သတင်းရတယ်ပေါ့။ ပုဒ်မကတော့ စကားနဲ့ပြောလို့ရှိရင် နိုင်ငံတော်ကို အကြည်ညိုပျက်စေအောင် ပြောဆိုတယ်ဆိုပြီး အဲဒီစွဲချက်တင်မယ်လို့ ပြောတယ်။ တင်မယ်။ တင်တယ်ဆိုတာ မဟုတ်ဘူး၊ တင်မယ်။ အခုနလို သတင်းလေ သတင်းဆိုတော့ အန်ကယ်တို့က အတိအကျသိတဲ့ဟာမှ မဟုတ်ပဲ။ သတင်းရလို့ ဘာသတင်းရလဲဆိုတော့ ဒီလို သတင်းရတယ်။ အဲ ဒီလိုပြောတာပေါ့”

ထိုသတင်းနှင့် ပတ်သက်ပြီး ဦးခွန်ထွန်းဦးနှင့် ဦးစိုင်းညွန့်လွင်တို့၏ မိသားစုနေအိမ်များကို ဒီဗွီဘီက ကြိုးစားဆက်သွယ်ခဲ့သော်လည်း တယ်လီဖုန်းလိုင်းများ အဖြတ်ခံထားရသောကြောင့် မအောင်မြင်ခဲ့ပေ။ သို့သော် ယနေ့ ညနေပိုင်းက အဆိုပါနေအိမ်များသို့ သွားရောက်သတင်းမေးခဲ့သူ တိုင်းရင်းသားခေါင်းဆောင်တဦးက မိသားစုဝင်များ ဘာမှ မသိရသေးကြောင်း ယခုလို ပြန်ပြောပြခဲ့သည်။

“ဩော်… သူတို့မိသားစု အိမ်ကလူတွေပေါ့နော်။ ဒါပေမဲ့ ကနေ့အထိတော့ ဒီအစိုးရအနေနဲ့ အကြောင်းကြားတာ မရှိသေးဘူးတဲ့ သူတို့ဆီကို ဘယ်မှာထားမှန်းလဲ မသိဘူးတဲ့။ အဝတ်အစားလည်း ပို့လို့မရ၊ ဆေးဝါးလည်း ပို့လို့မရဘူး ဖြစ်နေတယ်။ ပြီးတော့ တရားစွဲဖို့ ဘာဖို့ဆိုတာ သူတို့အထဲမှာ လုပ်မလုပ်လည်း သူတို့ဆီကို အကြောင်းမကြားသေးဘူးတဲ့ မိသားစု ဘာမှ မကြားရသေးဘူးတဲ့ အဲဒါပဲ ပြောပြတယ်။ တခါတလေ သူတို့ကလည်း မိသားစုဝင်တွေကို အကြောင်းကြားတာ နောက်ကျတာလည်း ရှိတတ်တယ်လေ”

စွဲချက်တင်မတင် အသေအချာမသိရသေးသော်လည်း နအဖ ဘက်က အဓိက ရှာဖွေနေသည့် သက်သေခံ ပစ္စည်းမှာ ပြည်ထောင်စုနေ့တွင် ပြောရန် ပြင်ဆင်ထားသည့် ဦးခွန်ထွန်းဦး၏ မိန့်ခွန်းဖြစ်ကြောင်း ၎င်းကပြောဆိုသည်။ ထိုမိန့်ခွန်းအပြည့်အစုံကို ယခုထိ ရှာမတွေ့သေး၍ ဦးစိုင်းညွန့်လွင်၏ ကွန်ပြူတာ ၂ လုံးကို သိမ်းဆည်းရှာဖွေနေသလို အခြား

တိုင်းရင်းသားပါတီခေါင်းဆောင်အချို့ကိုလည်း ယခုအချိန်ထိ စစ်ဆေးမေးမြန်းနေဆဲဖြစ်ကြောင်း အဆိုပါ တိုင်းရင်းသား ခေါင်းဆောင်က ပြောဆိုသည်။ ထို့ပြင် ဦးခွန်ထွန်းဦးနှင့် ရှမ်းခေါင်းဆောင်များကို အမြန်ဆုံးလွှတ်ပေးရန် အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ် က ယခုလ ၁၄ ရက် နေ့စွဲဖြင့် နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံ စာရေးတောင်းဆိုထားသည်ဟု လည်း အဆိုပါ ပုဂ္ဂိုလ်က ဒီဗွီဘီကို ပြောကြားခဲ့သည်။ အစသို့

## ပြည်အကျဉ်းထောင်ရှိ ဒေါက်တာသန်းငြိမ်း၏ ကျန်းမာရေးအခြေအနေ ပိုမိုစိုးရိမ်လာရ

*၂၆၊ ဖေဖော်ဝါရီ ၂၀၀၅*

ပြည်အကျဉ်းထောင်၌ ဆေးကုသခွင့်မရသည့်အတွက် ကျောက်တန်းမြို့နယ် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ သန်းငြိမ်း၏ ကျန်းမာရေးအခြေအနေ စိုးရိမ်ဖွယ်အနေအထားကို ရောက်ရှိနေပြီဟု သိရသည်။ အသည်းက သွေးကြော အချို့ ထပ်မံပေါက်နိုင်သည့် အနေအထားတွင် ရှိနေပြီး အစာအိမ်ကလည်း ယောင်ယမ်းနေကြောင်း မနေ့ကမှ ထောင်ဝင် စာ သွားတွေ့ပြီး ပြန်လာသူ ဇနီးသည်ဒေါ်ခင်အေးက ပြောဆိုသည်။ ထို့ပြင် အသည်း၊ အစာအိမ်နှင့် ဆီးကျိတ်တို့ အနေ အထားမှာ ကင်ဆာဖြစ်နိုင်သောကြောင့် ကျွမ်းကျင်သည့်အထူးကုများနှင့် အရေးပေါ်ပြသရန် လိုအပ်နေပြီဟု ဆိုသည်။ လွန်ခဲ့သည့် ၆ လ အင်းစိန်ထောင်တွင်ရှိစဉ်က အသည်းမှ သွေးကြောနှစ်ခုပေါက်ခဲ့ပြီး လူနာမှာ တလတကြိမ် ဆေးစစ်ခံယူ ရမှာဖြစ်ကြောင်း အထူးကု ဆရာဝန်က အသေအချာ မှတ်ချက်ရေးသားထားသော်လည်း ယခု မပြနိုင်သည်မှာ ၆ လ ပြည့် ပြီဟု ဆိုသည်။ ထို့ကြောင့် ဆရာဝန်တဦးဖြစ်သည့် ဒေါက်တာသန်းငြိမ်းကိုယ်တိုင် ၎င်း၏ကျန်းမာရေးအတွက် စိတ်ပူပြီး ဒေါသထွက်နေကြောင်း ဒေါ်ခင်အေးက ယခုလို ပြောပြသည်။

"သူကလေ အရမ်းဒေါပွတယ်။ ဒေါပွတယ်ဆိုတာက သာယာဝတီကို ပို့ပြီးတော့ သူတို့ ဟိုဘက် ဒီဘက် နှစ်ဘက်ဆွေးနွေးပြီးတော့ လွှတ်ပေးမယ်ဆိုတာကို သေချာပေါက်ပြောတယ်။ ပြောပြီးတဲ့အခါ လွှတ်မပေးတဲ့အပြင် သာယာဝတီကနေပြီးတော့ ဟို ဆေးရုံကြီး Guard Ward ပို့၊ အဲဒီကတခါ အင်းစိန်ပြန်ပို့၊ အင်းစိန်ကနေတဆင့် ပေါင်းတည်ပြန်ပို့ အမျိုးမျိုးပေါ့နော်။ နောက်ဆုံးအခု ပြည်။ ပြည်ဆိုတာက ချက်ချင်းဖြစ်ရင် ဆရာဝန်ကိုခေါ်ရမှာ သုံးလေး နာရီကြာမယ်။ အနားမှာကိုက ခြောက်နာရီလောက်ကြာမယ်။ အဲဒီတော့ ဒီကိုရောက်တဲ့အခါကျတော့ သွေးလွန်သွားမှာ ပေ့ါ။ အဲဒီက ဆရာဝန်က ပြောတာကလည်း သူတို့အနေနဲ့တော့ သွေးအစားသွင်းတာကလွဲလို့ သွေးမတိတ်အောင် လုပ် မပေးနိုင်ဘူးတဲ့ သူတို့မှာလည်း ဘာကိရိယာမှ မရှိဘူးတဲ့။ အဲဒီလို ပြောတယ်လေ။ အဲတော့ သူ့ရဲ့ ဟို ၁ နှစ်ထပ်ပြီးတော့ တိုးတယ်တဲ့။ ၁၀ (က) တိုးတယ် စာထဲမှာကို။ အဲဒီတနှစ်မှာ ပြည်ထောင်မှာပဲ ထားရမယ်ဆိုတဲ့ စာပို့ဒ်ပါတယ်တဲ့။ အဲဒါ ၎င်း ကို သေအောင်သတ်တာပဲတဲ့"

ပြည်မြို့ရှိ ရိုးရိုးဆရာဝန်တဦးက ယခုလ ၁၈ ရက်နေ့က ဒေါက်တာသန်းငြိမ်းကို လာကြည့်ပြီး အခြေအနေမှာ စိုးရိမ်ရကြောင်း ထောင်ပိုင်ကို တင်ပြခဲ့သောကြောင့် ပြည်ထောင်ပိုင်က ရန်ကုန်ရှိ အာဏာပိုင်အဆင့်ဆင့်ထံ တင်ပြခဲ့သည် ဟုဆိုသည်။ သို့သော် ယခုအချိန်ထိ အကြောင်းပြန်ချက် တစုံတရာမရသေးဟုလည်း ဒေါ်ခင်အေးက ဆက်လက်ပြောပြသည်။

"အန်တီမှာလေ ပြန်တာလာခဲ့ရတယ်။ ဟို စိတ်မချဘူးပေ့ါ အချိန်မရွေးဖြစ်သွားနိုင်တယ်ဆိုတာ အန်တီ ဒီမှာ လာနေတုန်းကိုဖြစ်ရင် ဘယ်လိုလုပ်မလဲ။ သူတို့ ဆရာဝန်ခေါ်ပြတော့လည်း ဆရာဝန်ကလည်း ဒါ ဖြစ်နိုင်ချေရှိတဲ့ အလား အလာရှိတယ်ဆိုတာကို သူကမှတ်ချက်ရေးတယ်လေ။ အဲဒါနဲ့ ထောင်ပိုင်ကြီးကနေပြီးတော့ ရန်ကုန်ရုံးချုပ်ကို သူတို့ အစီရင်ခံစာ Fax နဲ့ပို့တာပေ့ါနော်။ အဲဒီ ၁၈ ရက်နေ့က Fax ပို့တာ မနေ့က ၂၅ ရက်နေ့ အန်တီသွားတော့လည်း ဘာမှ မသိရသေးဘူးလေတဲ့။ ပြောတော့ အဆင့်ဆင့်ပြောနေရမယ်ဆို တကယ်လို့ အန်ကယ်က အခုနေ သွေးကြောပေါက်ပါပြီ တဲ့၊ ဒီလို အဆင့်ဆင့်ပြောနေရပုံနဲ့ ဆိုလို့ရှိရင် အသက်ထွက်မှပဲ အကြောင်းကြားစာ ရမယ့်ပုံဖြစ်နေတယ်။ ဒါတောင်မှ ရချင်မှရမှာလေ"

ဒေါက်တာသန်းငြိမ်းကို လွန်ခဲ့သည့် ၇ နှစ်ကျော်က စစ်ထောက်လှမ်းရေးက မှားယွင်းဖမ်းဆီးခြင်း ဖြစ်သည့် အတွက် ယခုအချိန်၌ ပြန်လွှတ်ပေးသင့်နေပြီဟုလည်း ဇနီးသည် ဒေါ်ခင်အေးက ယခုလို ပြောကြားခဲ့သည်။

"အဲဒီ အန်ကယ်ကို လာခေါ်တဲ့နေ့ကဆိုလို့ရှိရင် အန်တီမေးကြည့်တယ်လေ။ ၉၇ ကလာခေါ်တုန်းက မင်းတို့က ဘယ်ကလည်းဆိုတော့ သူတို့က ထောက်လှမ်းရေး (၆) ကပါ၊ ထောက်လှမ်းရေး (၇) ကပါ အဲလို ပြောကြတယ်။ အဲဒီ တော့ အခုထောက်လှမ်းရေးတွေကတဲ့ ဒီမတရားအလုပ်ခံထားရတဲ့လူကို လွှတ်ပါတယ်ဆိုတော့ ထောက်လှမ်းရေးက လာ ခေါ်သွားတာပဲ။ အမှုကလည်း ဆင်ချတယ်ဆိုတာ လူတိုင်းသိတာပဲ။ အဲလိုဆင်ချလို့ ၇ နှစ်ဆိုပြီး ကြမ်းခင်းဈေးနဲ့ ပို့လည်း ထားပြီးပြီ။ အခုတခါ ထပ်ပြီးတော့ ၁၀ (က) ဆိုပြီး လုပ်လိုက်တဲ့အခါကျတော့ အခု ဒီတခါကျတော့လည်း ဘယ်သူက လုပ် သလဲလို့။ နောက် သူလည်း ဆရာဝန်ဆိုတော့ သိတာပေ့ါနော်။ ရောဂါက ချက်ချင်းလည်း ဖြစ်ရင်ဖြစ်မယ်လေ။ သွေးကြော က ပြန်ပေါက်နိုင်တာကိုး။ အစာအိမ်ကလည်း ရောင်နေတယ်ဆိုတော့ အခု စိုးရိမ်တာလေးတွေ များတဲ့အခါကျတော့ သွေးတိုးကလည်း နည်းနည်းပြန်တက်နေတယ်" အစသို့

## ရေနံချောင်းမြို့နယ်မှ အဖွဲ့ချုပ်တွဲဘက်အတွင်းရေးမှူး မတရားထောင်ဒဏ်ချမှတ်ခံရ

*၂၇ ဖေဖော်ဝါရီ ၂၀၀၅*

မကွေးတိုင်း ရေနံချောင်းမြို့နယ် အဖွဲ့ချုပ် တွဲဖက်အတွင်းအရေးမှူး ဦးသန်းထွန်းကို အာဏာပိုင်တို့က ဆိုင်ကယ်တိုက်မှုဖြင့် ထောင် ၅ လချမှတ်လိုက်ကြောင်း သိရသည်။ ဖြစ်ပွားပုံမှာ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်းက ဦးသန်းထွန်းစီးလာသည့်ဆိုင်ကယ်မှာ အသက် ၁၃ နှစ်အရွယ် မိန်းကလေးတဦးကို တိုက်မိမလိုဖြစ်ခဲ့သည်ဟု ဆိုသည်။ ကလေးကို အန္တရာယ်ဖြစ်မည်စိုး၍ ဦးသန်းထွန်းက အရှိန်ဖြင့်သွားနေသည့် ဆိုက်ကယ်ကို ဘရိတ်အုပ်လိုက်ရာ တိမ်းမှောက်သွားပြီး ဦးသန်းထွန်းကိုယ်တိုင် ဆေးရုံ ၁၀ ရက်ခန့် တက်ရောက်ခဲ့ရသော်လည်း ကလေးငယ်မှာ အလွန်အကျွံထိခိုက်ခြင်းမရှိခဲ့ဟု သိရသည်။ ထို့ကြောင့် မိဘများက အမှုမဖွင့်လိုကြောင်း ကြေအေးလွှာတွင် လက်မှတ်ထိုးပေးခဲ့သည်ဟုလည်း မြို့နယ်အဖွဲ့ချုပ်ဝင်တို့က ပြောဆိုသည်။ သို့သော် ဦးသန်းထွန်း ဆေးရုံတက်နေချိန်မှာပင် ထိခိုက်နာကျင်စေမှု၊ မဆင်မခြင် ယာဉ်မောင်းမှုများဖြင့် ရဲကစွဲချက်တင်ခဲ့ပြီး ပြီးခဲ့တဲ့ သောကြာနေ့ကမှ ထောင်ငါးလ ချမှတ်လိုက်ကြောင်း ရေနံချောင်းမြို့နယ် အဖွဲ့ချုပ်ဒုဥက္ကဋ္ဌ ဦးလှမြင့်က ယခုလို ပြောပြသည်။

"ဖြစ်ပျက်ပုံက ဒီလိုဗျာ။ မိုးချုပ်ပိုင်း ၇ နာရီခွဲလောက်ပေါ့ဗျာ။ သူ့ဆိုက်ကယ်က ရှေ့က ကလေးနဲ့ တိုက်မိမယ်လုပ်တော့ ဆိုက်ကယ်ကို ဘရိတ်အုပ်ရပ်တဲ့အရပ်မှာ သူက ဆိုက်ကယ်ပေါ်ကနေပြီးတော့ ပြုတ်ကျတယ်။ ပြုတ်ကျပြီးတော့ အဲဒီကလေးလည်း နည်းနည်းပွန်းသွားတယ်။ အဲဒီ ပွန်းသွားတာမှာ အဲဒီအချိန်မှာ သူက သတိလစ် သွားတာပေါ့။ လစ်သွားတော့ ဆေးရုံကိုတင်တယ်။ ဦးသန်းထွန်းက အဲဒီမှာ ဆိုက်ကယ်ပေါ်က ပြုတ်ကျတဲ့ဒဏ်နဲ့ ညပ်ရိုးကျိုးတယ်။ နောက်ခေါင်း ထိခိုက်ဒဏ်ရာနဲ့ သတိတော်တော်ကြာကြာ လစ်နေတာပေါ့။ နောက်နေ့ကျတော့ ရဲက အဲ ကလေးကို ထိခိုက်နာကျင်စေမှုရယ်၊ နောက်ပြီးတော့ သူ့ဆိုက်ကယ်ကို မဆင်မခြင်စီးတယ် ဆိုတာရယ် ဒီနှစ်ခု ပေါင်းပြီးတော့ စွဲတယ်။ စွဲပြီးတော့ ရုံးချိန်းတွေကို ကျနော်ထင်တာကတော့ ၆ ခါလောက် ခေါ်တယ်လို့ ယူဆတယ်။ မနေ့ကတော့ ပြစ်မှုတခုကတော့ တလတဲ့။ ကျန်တဲ့ပြစ်မှုက ၄ လ။ အဲဒါမျိုး ပေါင်း ၅ လဆိုပြီးတော့ အဲလို ပြစ်ဒဏ်ချလိုက်တယ်ဗျ"

အမိန့်ချမှတ်သည့် ယခုလ ၂၅ ရက်နေ့ ည ၁၁ နာရီမှာပင် ဦးသန်းထွန်းကို ရေနံချောင်း အချုပ်မှ သရက်ထောင်သို့ ပြောင်းရွှေ့လိုက်သည်ဟုလည်း ၎င်းကပြောပြသည်။ အသက် ၅၅ နှစ် အရွယ်ရှိ ဦးသန်းထွန်းသည် အဖွဲ့ချုပ်လုပ်ငန်းများ၌ တက်ကြွသူဖြစ်သောကြောင့် တမင်အပြစ်ရှာပြီး ထောင်ချလိုက်ခြင်းဖြစ်သည်ဟုလည်း ဦးလှမြင့်က ယခုလို ဆက်လက် ပြောပြခဲ့သည်။

"အနေအေးပေမယ့်လို့ တက်ကြွတယ် သူက။ သူလုပ်စရာရှိတာတွေကို သူ့တာဝန်သူ အကုန်လုံးပြည့်အောင် လုပ်တဲ့လူပဲ။ အားကိုးရတယ် ကျနော်တို့မှာ။ သရက်ထောင်ကို ပို့လိုက်တယ်ဗျ။ မနေ့က ည ၁၁ နာရီကပေါ့ ကျနော်တို့ စိုးရိမ်တာတခုက သူ ရဲဘက်တွေဘာတွေ ဆွဲထုတ်ပစ်မှာ ကြောက်တာပေါ့။ အဲဒါကြောင့် သူ့မိသားစု အမျိုးသမီးရယ်၊ နောက် ဒို့ပြင် မိတ်ဆွေတွေရယ်တော့ အရင်ရှေ့ကတောင် သွားနှင့်တာပါ။ သူတို့ ဟိုမှာဘာလုပ်မလဲ။ ဒီလိုတွေ မဖြစ်အောင် သူတို့ပြောစရာရှိတာပြော၊ လုပ်စရာရှိတာ လုပ်မှာပေါ့လေ။ အခုဥစ္စာက ကာယကံရှင်ခိုက်မိတဲ့ ကလေးမလေးကလည်း ဘာမှမဟုတ်ဘူး ပြဿနာရှာတာမဟုတ်ဘူး။ ကျေအေးတယ်။ သူကလည်း ဒါ သူ့လည်း ဘာမှနစ်နာတာ မဟုတ်ပါဘူး။ မထိခိုက်ပါဘူးဆိုပြီးတော့ သူကကျေအေးတယ် အဲဒါကို ရဲက သူတို့က ဒီ အထက်အာဏာပိုင် သူတို့ရဲ့ မယကတို့ ကြံဖွဲ့တို့ပေါ့လေ သိတယ်ဆိုတာမျိုးနဲ့ပေါ့ဗျာ။ သူတို့လည်း သူတို့ထိခိုက်မှာ ကြောက်တယ်ဆိုပြီးတော့ အတင်း အဲဒီမှာ တရားစွဲတာဗျ။ ကျနော်တို့ လူ ၂ ယောက်သေတဲ့ အမှုတောင် ၆ လပဲ ကျတယ်ဗျာ ကဲ။ ဒီမှာ ယာဉ်တိုက်မှုပေါ့ဗျာနော်။ လူ ၂ ယောက်သေတာတောင်မှပဲ ၆ လကျပြီးတော့ အခု ဒီ ဘာမှမဟုတ်သလောက်ကိစ္စကို ၅ လ စွဲချတာက ဒါကြီးကတော့ အလွန်အကျွန်ပဲလို့၊ အဲဒါ ကျနော်တို့အဖွဲ့ချုပ်ဝင်မို့လို့ အညိုးနဲ့လုပ်တယ်လို့ပဲ ကျနော်တို့ယူဆတယ်ပေါ့ "

ထိုမတရားမှုနှင့် ပတ်သက်ပြီး ဥပဒေကြောင်းအရ ဆက်လက် အယူခံဝင်သွားမည်ဟုလည်း ဦးလှမြင့်က ပြောပြခဲ့သည်။

အစသို့

## တကိုယ်တော်ဆန္ဒပြခဲ့သူ ကိုထွန်းလင်းကျော်အား ရုံးထုတ်စစ်ဆေးတော့မည်

*၂၇ ဖေဖော်ဝါရီ ၂၀၀၅*

ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ၁ နှစ် ထပ်မံတိုးမြှင့်သည့်အပေါ် မကျေနပ်၍ ဆန္ဒပြခဲ့သူ အဖွဲ့ချုပ် လူငယ်အဖွဲ့ဝင် ကိုထွန်းလင်းကျော်ကို မနက်ဖြန် ရုံးထုတ်စစ်ဆေးတော့မည်ဟု သတင်းရရှိသည်။ ဒဂုံမြို့သစ်မှ အဖွဲ့ဝင်တဦး ဖြစ်သူ ကိုထွန်းလင်းကျော်မှာ အသက် ၂၈ နှစ်သာ ရှိသေးပြီး ၁၉၉၉ ခုနှစ်ကတည်းက ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းကို လုံခြုံရေးယူခဲ့သော လူငယ်တဦးဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့က ဒေါ် အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် ထပ်မံတိုးမြှင့်လိုက်သည့်အပေါ် ကန့်ကွက်သည့်အနေဖြင့် ရန်ကုန်မြို့ ဘားလမ်းရှိ ခရစ်ယာန် ဘုရားရှိခိုးကျောင်းတခုရှေ့တွင် ကိုထွန်းလင်းကျော် တကိုယ်တော် ဆန္ဒပြခဲ့သည်။ ထိုနေ့မှာပင် အာဏာပိုင်တို့က ဖမ်းဆီးပြီး ၃

လနီးပါး မိသားစုနှင့် အဆက်ဖြတ်ထားခဲ့သည်။ ယခု တဆင့်စကားပြောပြချက်များအရ ကိုထွန်းလင်းကျော်ကို မနက်ဖြန် ရုံးထုတ်စစ်ဆေးတော့မည်ဟု သိရအကြောင်း ဒဂုံမြို့သစ် အဖွဲ့ချုပ် လူငယ်အဖွဲ့ဝင်တဦးက ဒီဗွီဘီကို အခုလို ပြောပြသည်။

"ကြားရတဲ့ သတင်းကတော့ တနင်္လာနေ့မှာ ရုံးထုတ်မယ်လို့တော့ ကြားတာပဲ။ သူကို ထောင်ဝင်စာ သွားတွေ့ဖို့တော့ သူ့အမတွေ သွားမလားတော့မသိဘူး။ ကျနော်တို့ လိုက်ပြီးတော့ လုပ်ပေးရမှာပေါ့။ (စည်း) မြို့နယ် အဖွဲ့ဝင် တယောက်အနေနဲ့လေ။ ပြောရင် ၉၉ ခုနှစ်လောက်က အန်တီ့ခြံထဲမှာ သူ လုံခြုံရေးတာဝန်ယူတဲ့ နောက်ပြီးတော့ ဒီ ရုံဖန်ရုံခါပေါ့ မြို့နယ်တွေဆင်းပြီးတော့ မြို့နယ်တွေမှာ လူငယ်တွေနဲ့ စည်းရုံးရေးလုပ်ငန်းတွေ ပူးတွဲပြီးဆောင်ရွက်တယ်။ ၂၀၀၄၊ ၁၁ လပိုင်းလောက်မှာ သူ ခြံထဲကနေ ပြန်ထွက်လာတယ်။ အဲဒီမှာ သူပြောတော့ပြောတယ် အရင်တုန်းက။ အန်တီ့ကို တနှစ်ထပ်တိုးတာတွေဘာတွေ သူမကျေနပ်ဘူးလို့ ပြောတယ်ပေါ့။ သူမခံစားနိုင်ဘူးပေါ့။ သူ အန်တီလွတ်ဖို့ အတွက်တော့ သူ တကိုယ်တော်တော့ တခုခုလုပ်မယ်ပေါ့။ အဲဒီမှာ သူသွားလုပ်တာ"

မည်သည့်ပုဒ်မဖြင့် စွဲချက်တင်ထားသည်ကို မနက်ဖြန်တွင် ဆက်လက်စုံစမ်းရမည်ဟုလည်း ၎င်းကဆိုသည်။ ကိုထွန်းလင်းကျော်၏ ဖခင်ကိုယ်တိုင်က ဒဂုံမြို့သစ်မှ အဖွဲ့ချုပ် ရပ်/ကျေးအဖွဲ့ဝင် တဦးဖြစ်ပြီး လွန်ခဲ့သည့် ၆ နှစ်လောက် ကတည်းက မိဘ နှစ်ပါးလုံး ဆုံးသွားသည့်အတွက် ဒေါ်အောင်ဆန်းစုကြည်က ခေါ်ယူစောင့်ရှောက်ထားခြင်း ဖြစ်သည်ဟု လည်း အဆိုပါလူငယ်ကပင် ယခုလို ဆက်လက်ပြောပြသည်။

"အခု သူနေတဲ့နေရာပေါ့နော်။ သူက ကျောင်းသားဘဝက လာတာလေ။ ကျောင်းသားဘဝကတည်းက သူက အဲဒီခံယူချက်တွေ သူ့မှာရှိတယ်။ နောက်ပြီးတော့ အဲဒီ ပတ်ဝန်းကျင်မှာ ဆင်းရဲနေတာတွေထဲမှာ အခက်အခဲတွေ တွေ့နေ တာတွေ အဲဒါတွေ အများကြီးက သူမခံစားနိုင်ဘူးပေါ့။ အဲဒီကနေ့မှ အစပြုပြီးတော့ သူ ပါတီဝင်ဖြစ်တဲ့အကြောင်းပဲ။ အဲဒီမှာ ကျနော်တို့တွေနဲ့ တွဲပြီးတော့ လုပ်နေတယ်။ သူ့အနေနဲ့ကတော့ သူ့ကြုံခဲ့ရတဲ့ဟာက အဆိုးဆုံးပဲလေ။ အဖေက လည်း ပါတီဝင်ပဲ။ သူ့အဖေက ဒဂုံမြို့သစ်မြို့နယ် ၁၉ ရပ်ကွက်က ရပ်/ကျေးအဖွဲ့ဝင်တယောက်ပေါ့။ အဖေက တီဘီရောဂါ သည်ပေါ့နော်။ ဒီ အဖေ ဆေးမကုနိုင်တာတွေလည်း ပါတာပေါ့။ အဲဒီတုန်းက တီဘီရောဂါ ပျောက်အောင်ကုဖို့က ငွေ တော်တော်ကုန်တယ်လေ။ အဲမှာ သူ့အဖေက ဒီ ပိုက်ဆံဆင်းရဲတဲ့ဒဏ်ကြောင့်ပဲ ပြောရရင် အသက်စွန့်သွားရတဲ့ ပုံစံမျိုး ပေါ့။ သူ့အဖေပြီးတော့ သူ့အမဆုံးတယ်။ အမဆုံးပြီး သူ့မှာလည်း အဲဒီ တီဘီရောဂါရှိလာတယ်။ ရှိလာတော့ သူ့ကို ဒေါ်အောင်ဆန်းစုကြည်ကနေမှ သူ့ကိုခြံထဲမှာပေါ့နော်။ လုံခြုံရေးလည်း ယူရင်းနဲ့ပေါ့။ သူ့ကို ဒီမှာ ဆေးကုပေးထားတာ ဒေါ်အောင်ဆန်းစုကြည်က သူ့ အသက်ကို ကယ်လိုက်တဲ့သဘောပေါ့။ သူ့မိခင် တယောက်လို ဖြစ်နေတာပေါ့။ သူ့မှာ အဖေအမေ မရှိတော့ဘူးလေ။ ဒေါ်အောင်ဆန်းစုကြည်က သူမိခင်တယောက်လို ဖြစ်နေတာပါ။ ဘယ်လိုပြောမလဲ ၁ နှစ် ထပ်တိုးတဲ့အခါမှာ ဘာမှလုပ်လို့မရတော့ဘူးလားဆိုပြီးတော့ အဲလိုမျိုး သူမှာခံစားချက်ရှိတယ်။ သူမထူးပေါ့ဘူး။ သူ့ တကိုယ်တည်း တတ်နိုင်တာတော့ တကိုယ်တော် ဆန္ဒပြဖို့ပဲ ရှိတော့တယ်ဆိုပြီးတော့ အဲမှာ သူလုပ်တော့တာ။"

ကိုထွန်းလင်းကျော်ကို ရုံးထုတ်တော့မည်ဟု ကြားရသော်လည်း ၎င်းနှင့် ရှေ့ဆင့်နောက်ဆင့် ဖမ်းဆီးခံခဲ့ရသည့် အလုံမြို့နယ် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဘမြင့်၊ ဦးဘတင့်၊ ကမာရွတ်မှ လူငယ်များဖြစ်ကြသော ကိုအောင်မျိုးဆန်းနှင့် ကိုခင်ကျော် တို့ ၄ ဦးအကြောင်းကိုမူ ယခုအချိန်ထိ မည်သည့်သတင်းမှ မကြားရသေးဟုလည်း သိရသည်။ အစသို့

## ကိုထွန်းလင်းကျော်အား ထောင်ဒဏ် ၇ နှစ်ချမှတ်

*၂၈ ဖေဖော်ဝါရီ ၂၀၀၅*

ရန်ကုန်မြို့တော်ခမ်းမရှေ့တွင် တကိုယ်တော်ဆန္ဒပြခဲ့သူ လူငယ်အဖွဲ့ဝင် ကိုထွန်းလင်းကျော်ကို ထောင်ဒဏ် ၇ နှစ် ချမှတ်လိုက်ကြောင်း သိရသည်။ ကိုထွန်းလင်းကျော်သည် ဒဂုံမြို့သစ် လူငယ်အဖွဲ့ဝင်တဦးဖြစ်ပြီး ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်လုံခြုံရေးတာဝန် ယူခဲ့ဖူးသူလည်း ဖြစ်သည်။ ပြီးခဲ့သည့် ဒီဇင်ဘာလ ၁၄ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် တနှစ်ထပ်မံတိုးမြှင့်လိုက်သည့်အပေါ် ကန့်ကွက်သည့်အနေဖြင့် မြို့တော်ခမ်းမရှေ့တွင် တကိုယ်တော် ဆန္ဒပြခဲ့ခြင်းဖြစ်သည်။

မြို့တော်ခမ်းမရှေ့တွင် တကိုယ်တော်ဆန္ဒပြခဲ့ဖူးသူ ဆရာကြီး ဆလိုင်းထွန်းသန်းကိုလည်း အလားတူ ထောင် ၇ နှစ်ချခဲ့ဖူးသည်။ UNDP ရုံးရှေ့တွင် တကိုယ်တော်ဆန္ဒပြခဲ့သူ ဦးအုန်းသန်းကိုလည်း ဖမ်းဆီးပြီး ထောင် ၂ နှစ်ချခဲ့သဖြင့် မြို့တော်ခမ်းမရှေ့ဆိုလျှင် ၇ နှစ်၊ UNDP ရုံးရှေ့ဆိုပါက ၂ နှစ်ဟူ၍များ ပုံသေသတ်မှတ်ထားသည်လားဟု ရန်ကုန်မြို့ရှိ ရှေ့နေအသိုင်းအဝိုင်းအကြားတွင် သုံးသပ်ပြောဆိုနေကြကြောင်းလည်း သိရှိရသည်။ အစသို့

## ကလေးဝမြို့နယ် အဖွဲ့ချုပ်ဝင် တဦးကို မတရားအမှုဆင် ထောင်ချ

*၂၈ ဖေဖော်ဝါရီ ၂၀၀၅*

စစ်ကိုင်းတိုင်း ကလေးဝမြို့နယ် အဖွဲ့ချုပ်အဖွဲ့ဝင် ဦးကြီးငွေကို ခဲလောင်းကစားမှုဖြင့် အမှုဆင်ဖမ်းဆီးပြီး မြို့နယ်တရားရုံးက ယခုလ ၁၈ ရက်နေ့တွင် ထောင် ၄ နှစ်ချမှတ်လိုက်ကြောင်း သတင်းရရှိသည်။ ဒေသခံများ၏ပြောပြချက်အရ ကလေးဝ–မော်လိုက်ကားလမ်းဖောက်လုပ်ရာတွင် ဒေသခံများကို အဓမ္မအလုပ်ခိုင်းစေခဲ့ခြင်းနှင့် ပတ်သက်၍ အထက်အရာရှိများနှင့် ILO ကိုတိုင်ကြားခဲ့ရာ၌ ဦးကြီးငွေက ဦးဆောင်ခဲ့သည်ဟု မြို့နယ်အာဏာပိုင်များက ယူဆကာ ယခုကဲ့သို့ အမှုဆင်ဖမ်းဆီး ထောင်ချလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ကလေးဝတမြို့လုံးရှိ ခဲဒိုင်များကို မဖမ်းဘဲ ခဲစာရွက်ဖြတ်ပိုင်းဟု ယူဆရသည့် စာရွက်ကလေးတွေ့ရုံဖြင့် ဦးကြီးငွေအား ထောင်ချခဲ့ခြင်းဖြစ်သည်ဟု မိသားစုဝင်တို့က ဒီဗွီဘီကို ပြောပြသည်။ ဤကိစ္စနှင့်ပတ်သက်၍ ILO အဖွဲ့ကို ဆက်လက်တိုင်ကြားမည်ဖြစ်သလို မြို့ပေါ်ရှိ ခဲဒိုင်များထံမှ ဆက်ကြေးကောက်ခံနေသည့် အာဏာပိုင်တို့၏အကြောင်းကိုလည်း နအဖ ထိပ်ပိုင်းခေါင်းဆောင်များထံ အထောက်အထားများ ပေးပို့တိုင်ကြားသွားမည်ဟု ဦးကြီးငွေ၏ မိသားစုတဦးက ပြောပြခဲ့သည်။

အစသို့